မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ မေ ၁၄ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၂၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသော သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မေ ၁၄ ရက်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ မိခင်တိုင်းလက်တွဲပါဝင်

ကမ္ဘာပေါ်တွင် နှစ်စဉ်ကလေးသန်းပေါင်းများစွာတို့သည် ကူးစက်ရောဂါများ ခံစားနေကြရသည်။ အချို့သောကလေးငယ်များသည် ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှုကြောင့် ခြေလက်မသန်စွမ်းဖြစ်ကာ ဒုက္ခိတဘဝရောက်ကြရသည်။

ကလေးများအား ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါခုနစ်မျိုးတွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ တီဘီရောဂါ၊ ဝက်သက်၊ အသည်းရောင်ရောဂါတို့အပြင် ပိုလီယိုအကြောသေရောဂါလည်း အပါအဝင်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တစ်နှစ်အောက်ကလေးများ ပိုလီယိုကာကွယ်ဆေး အနည်းဆုံး သုံးကြိမ် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပပြီး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်း၊ လတ်တလော ပျော့ခွေအကြောသေရောဂါကို အထူးစောင့်ကြပ်ကြည့်ရှုသောစနစ် ထူထောင်ဆောင်ရွက်ခြင်း၊ အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းဖြင့် ပိုလီယိုရောဂါ လုံးဝပပျောက်ရေးကို ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့များအဖြစ် (ယနေ့) မေလ ၁၄ ရက်နှင့် ဇွန်လ ၁၁ ရက်ကို သတ်မှတ်ထားရာ ထိုနေ့များတွင် နိုင်ငံတစ်ဝန်း၌ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးကြမည် ဖြစ်သည်။

ယနေ့ဆိုလျှင် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၂၆ မြို့နယ်တွင် အသက် ငါးနှစ်အောက် ကလေးငယ် ၂ ဒသမ ၉ သန်းကို ပိုလီယိုကာကွယ်ဆေး စတင်တိုက်ကျွေးလျက်ရှိပြီဖြစ်သည်။

သို့ဖြစ်ပေရာ "သားသမီးအပေါ် မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား" ဆောင်ပုဒ်အရ မိခင်တိုင်းသည် မိမိတို့၏ သားသမီးများ ပိုလီယိုအကြောသေရောဂါဖြစ်ပွားမှုကြောင့် မသန်မစွမ်းဖြစ်ပြီး ဒုက္ခိတဘဝရောက်ရှိခြင်းမှ ကင်းလွတ်ရန် အသက် ငါးနှစ်အောက် ကလေးငယ်အားလုံးကို ပိုလီယိုကာကွယ်ဆေး သွားရောက်တိုက်ကျွေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဥရောပကော်မရှင် ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး European Commission Development and Cooperation Europe Aid မှ ဒါရိုက်တာ Mr. Dirk Meganck ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ပဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဥရောပကော်မရှင် ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး European Commission Development and Cooperation Europe Aid မှ ဒါရိုက်တာ Mr. Dirk Meganck ဦးဆောင်သောအဖွဲ့သည် မေ ၁၂ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် လယ်ယာကဏ္ဍတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးရောဂါအကြောင်း သာယာဝတီမြို့နယ်၌ ဟောပြော

သာယာဝတီ မေ ၁၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါနှင့် ခွေးရူးရောဂါအကြောင်းအသိပညာပေး ဟောပြောပွဲများကို မေ ၆ ရက်က သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဝင်းက အမှာစကား ပြောကြားပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနီနီမော်က ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဟောပြောသည်။ (အပေါ်ပုံ)

ရှင်းလင်းဟောပြော

ထို့နောက် ဦးစီးအရာရှိ ဦးစိုးတင့်က ခွေးရူးရောဂါအကြောင်းများကို ဆက်လက်ရှင်းလင်းဟောပြောသည်။

ယခုအခါ သာယာဝတီခရိုင်အတွင်း၌ ဟောပြောပွဲများနှင့်အတူ ဝက်ဝမ်းကျ ကာကွယ်ဆေး၊ ခွေးရူးရောဂါကာကွယ်ဆေးများကိုလည်း ထိုးနှံပေးလျက်ရှိကြောင်း သိရှိရသည်။ (ခရိုင် မွေး/ကု)

သဘာဝဘေး ကာကွယ်ရေးသင်တန်း ဘီးလင်း၌ဖွင့်

ဘီးလင်း မေ ၁၃

သထုံခရိုင် ဘီးလင်းမြို့နယ် သဘာဝဘေးကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုသင်တန်း (၁/၂၀၁၁)ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဧပြီ ၂၈ ရက် မှ ၂၉ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသောင်းရွှေ၊ မွန်ပြည်နယ် မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန်၊ သထုံခရိုင် မိုးလေဝသနှင့် ဇလဗေဒဦးစီးမှူး ဦးဟန်ဝင်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပို့ချခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

မိုးရာသီ သက်တန်းအလိုက် ရေကူးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၃

Hard Body ရေကူးအသင်းက ကြီးမှူး၍ မြန်မာရေကူးမျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာရေး၊ မြန်မာရေကူးအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ရေကူးလက်ရွေးစင်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ မိုးရာသီသက်တန်းအလိုက် အမျိုးသား၊ အမျိုးသမီး တံခွန်စိုက်ဖိတ်ခေါ်ရေကူးပြိုင်ပွဲကို မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်း အမျိုးသားရေကူးကန်တွင် နေ့စဉ် မွန်းလွဲ ၂ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်ရာ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ရေကူးကလပ်အသင်းအသီးသီးမှ လူငယ်ရေကူးမောင်မယ်များသည် သတ်မှတ်ထားသည့် သက်တန်းများအလိုက် ပါဝင်ယှဉ်ပြိုင်လိုပါက ပြိုင်ပွဲဝင်စာရင်းကို အမျိုးသားရေကူးကန်ရုံးခန်းသို့ ရုံးချိန်အတွင်း မေ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း-၃၇၈၅၅၀ သို့ ဆက်သွယ်မေးမြန်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မြစ်ကြီးနားမြို့နယ် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂၅ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဇာတ်တိုက် လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ အက်စ်ပန်ဘတ်သ် အေဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာအက်စ်ပန်ဘတ်သ် အေဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ မြန်မာနှင့်နော်ဝေနိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး၏ ၂၇၁၄ ခုမြောက် စာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ မေ ၁၂ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ဦးဝိစာရလမ်းရှိ ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ် ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား၌ ရန်ကုန်တိုင်းဒေသကြီး အတွင်း ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်ပေါင်း ၂၇၁၃ခု ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့ဖွင့်လှစ်သည့် ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်သည် ၂၇၁၄ ခုမြောက်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် စာကြည့်တိုက်တွင် အင်္ဂလိပ်ဘာသာစာအုပ်ပေါင်း အုပ်ရေ ၂၈၉၈၀၊ မြန်မာဘာသာ စာအုပ်ပေါင်း ၃၇၄၈ အုပ် စုစုပေါင်း ၃၂၇၂၈အုပ် ထားရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးအဖွဲ့ဝင် ဒေါက်တာဦးသော်ကောင်းက စာကြည့်တိုက်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖွင့်လှစ်

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ် ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

လျှော်ဒဏ်သင့် ပြည်သူများအတွက် အိမ်မိုးသွပ်နှင့် ပစ္စည်းများလှူဒါန်း

တာလေ မေ ၁၃

တာချီလိတ်မြို့နယ် တာလေ လျှော်ဒဏ်သင့် ပြည်သူများအတွက် အိမ်မိုးသွပ်နှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၁၂ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် World Vision Myanmar က အိမ်မိုးသွပ်ချပ် ၅၂၃၂၀၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်သိန်းနှင့်မိတ်ဆွေများက Kitchen Set အစုံ ၁၀၀၊ တာချီလိတ်မြို့ ကုန်သည်ကြီးများအသင်းက Kitchen Set အစုံ ၅၀၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း (နေပြည်တော်)က နေအိမ်အလုံး ၅၀ ဆောက်လုပ်ရန် အလှူငွေနှင့် Kitchen Set အစုံ ၁၀၀၀၊ ADRA Myanmar အဖွဲ့က ဘိလပ်မြေအိတ် ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။**(ယာပုံ)**

ပေးအပ်ချီးမြှင့်

ထို့နောက် တာလေလျှော်ဒဏ်သင့်ဒေသကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ဝမ)**

ဒလမြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မေ ၁၃

ဒလမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၀ခုနှစ် နှစ်ပတ်လည် အစည်းအဝေးကို မေ ၈ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးခင်ဆွေတို့က အမှာစကားပြောကြားကြသည်။

လက်ခံယူ

ဆက်လက်၍ ဒလမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး ဆောက်လုပ်ရေးအတွက် ဦးဝင်းအောင်-ဒေါ်နုနုဝင်း (သန်းထိုက်ရတနာပုံနှိပ်တိုက်)က လှူဒါန်းငွေကျပ် ၁၀၀၀၀၀၊ ဦးဝင်းဌေး-ဒေါ်သီတာ (ဇရာဝဏ်ပုံနှိပ်တိုက်) က လှူဒါန်းငွေကျပ် ၂၀၀၀၀၀၊ ဦးတင်ကြည် မိသားစု (ဒလမြို့) က လှူဒါန်းငွေကျပ် ၁၀၀၀၀၀၊ ဦးစန်းဦး (စိတ်ကူးချိုချိုစာပေ)က လှူဒါန်းငွေကျပ် ၅၀၀၀၀၊ ဦးအာကာအောင် (အောင်မြင်စာပေ) က လှူဒါန်းငွေကျပ် ၅၀၀၀၀၊ ဒလမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက လှူဒါန်းငွေကျပ် ၃၀၀၀၀၊ ဦးတိတ်ငွမ်- ဒေါ်ခင်ခင်ဝင်း (ဒလမြို့)က လှူဒါန်းငွေကျပ် ၂၀၀၀၀ဖြင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၅၅၀၀၀၀ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင် ဦးခင်ဆွေ လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)

မကွေးတိုင်းဒေသကြီးဥပဒေချုပ်နှင့် ခရိုင်/မြို့နယ် ဥပဒေအရာရှိများ တွေ့ဆုံဆွေးနွေး

မကွေး မေ ၁၃

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် ခရိုင်/ မြို့နယ် ဥပဒေအရာရှိများ လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ မေ ၄ရက် နံနက် ၁၀နာရီက ကျင်းပသည်။ အဆိုပါ ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးမောင်မောင်ဖြူတင့်က လုပ်ငန်းဆိုင်ရာများ မှာကြားပြီး **(အပေါ်ပုံ)** မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ သရက်ခရိုင်နှင့် မြို့နယ် ၁၈မြို့နယ်မှ ဥပဒေအရာရှိများက ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မီးကြွင်း မီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

မြန်မာ့အလင်း သတင်းမှတ်စု

ရန်ကုန် မေ ၁၃

ပြည်ပသို့ ကဏန်းပျော့များ တွင်ကျယ်စွာတင်ပို့

သတင်းမှတ်စု ➤ မောင်မောင်ထွေး(သတင်းစဉ်)

ကဏန်းပျော့များကို တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ မွေးမြူလျက်ရှိကြပြီး ဗီယက်နမ်၊ ထိုင်း၊ ဂျပန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများအပါအဝင် ပြည်ပနိုင်ငံအသီးသီးသို့ တွင်ကျယ်စွာတင်ပို့လျက်ရှိသည်။

ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေးအတွက် ၁၀၀ ဂရမ် ဝန်းကျင်ရှိ ကုန်ကြမ်းကဏန်းမာများကို ဧရာဝတီတိုင်းဒေသကြီးရှိ လပွတ္တာ၊ ဘိုကလေးနှင့်ဖျာပုံတို့မှ မှာယူရသည်။ ကဏန်းအမာတစ်ကောင်လျှင် ငွေကျပ် ၁၅၀၀ ခန့်ဖြင့် ဝယ်ယူပြီး ကဏန်းပျော့အဖြစ် သုံးလခန့် မွေးမြူပါက ပြည်ပဈေးကွက်တွင် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ငါးဒေါ်လာဈေးရရှိကြောင်း သိရသည်။

ပြောကြား

“ကဏန်းအမာ ၁၅၀ ဂရမ်နှင့် အထက်ရှိလျှင် ကဏန်းအပျော့မွေးရန် တွက်ခြေမကိုက်တော့ကြောင်း၊ ကဏန်းပျော့မွေးမြူရာတွင် ရေကန်၌ ခြင်းများဖြင့် မွေးမြူရကြောင်း၊ တစ်နေ့လျှင် အစာအဖြစ် ငါးသေးလေးများကျွေးရကြောင်း၊ အခွံချွတ်၍ အရေခွံလဲလျှင် ရေချိုထဲသို့ ၂၄ နာရီအတွင်း ထည့်ရကြောင်း၊ အရေခွံလဲချိန်ကို စောင့်ကြည့်ရကြောင်း၊ ကဏန်းပျော့များကို နွေ၊ မိုး၊ ဆောင်းရာသီမရွေး မွေးမြူနိုင်သော်လည်း မိုးတွင်းကာလတွင် ရေကန်နှုန်းကျဆင်း၍ ဆောင်းရာသီတွင် အများဆုံးမွေးမြူကြကြောင်း၊ ၁၃၀ ဂရမ်နှင့်အထက်ရှိ ကဏန်းအမာများကိုလည်း တရုတ်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့သို့ တင်ပို့လျက်ရှိကြောင်း” ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ကျောက်တန်းကဏန်းမွေးမြူရေးဇုန်မှ လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

နောင်ချိုမြို့နယ်၌ ဖရဲသီးလှိုင်လှိုင်ထွက်ရှိ

➤ သတင်းမှတ်စု – စိုးဝင်း(နောင်ချို) ➤

နောင်ချိုမြို့နယ် ရွှေညောင်ပင်ကျေးရွာတွင် တောင်သူများစိုက်ပျိုးထားသည့် ဖရဲသီးများ ယခုအခါ လှိုင်လှိုင်ပေါ်နေပြီဖြစ်သည်။ ဖရဲသီးတစ်လုံးလျှင် အသီးအရွယ်အစားအလိုက် ငွေကျပ် ၃၀၀၊ ငွေကျပ် ၅၀၀၊ ငွေကျပ် ၁၀၀၀ဖြင့် ရောင်းချကြသည်။

ပိုမိုရရှိ

ဖရဲသီးဧကအများဆုံး စိုက်ပျိုးသည့် တောင်သူကြီး ဦးမြင့်ဆွေက နောင်ချိုဒေသဝန်းကျင်ထွက် ဖရဲသီးများကို ၁၂ ဘီးကားကြီးများဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တချို့ကုန်သည်များက ဖရဲသီးခင်းအထိ လိုက်လံဝယ်ယူကြသဖြင့် ယခုနှစ် ဖရဲသီးစိုက်ပျိုးကြသည့် တောင်သူများ ယမန်နှစ်ကထက် ဖရဲသီး ပိုမိုစိုက်ပျိုးကြကာ ဝင်ငွေပိုမိုရရှိကြကြောင်း သိရှိရသည်။

နေစကြဝဠာပြင်ပမှ ဂြိုဟ်အချို့နောက်ပြန်လည်နေ

ဝါရှင်တန် မေ ၁၃

နေစကြဝဠာပြင်ပရှိ ကြယ်များ၏ဝန်းကျင်တွင် ဂြိုဟ်အချို့ကို တွေ့ရကြောင်း၊ ယင်းဂြိုဟ်များမှာ ၎င်းတို့လှည့်ပတ်နေသည့် ကြယ်များ၏ အနီးတွင် ဆန့်ကျင်ဘက်လည်နေကြကြောင်း အမေရိကန်နိုင်ငံ နော့သ်ဝက်စ်တက္ကသိုလ်မှ နက္ခတ္တဗေဒပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

နေစကြဝဠာပြင်ပမှ အဆိုပါ ဂြိုဟ်အချို့မှာ နောက်ပြန်လည်နေသည်ကို နော့သ်ဝက်စ်တက္ကသိုလ်မှ အဆိုပါ နက္ခတ္တဗေဒပညာရှင်များက စတင်တွေ့ရှိခြင်း ဖြစ်သည်။ ၎င်းတို့ကို ဓာတ်ငွေ့များပါသည့် အရွယ်အစားကြီးမားသော ဂြိုဟ်များဖြစ်သဖြင့် ကြာသပတေးဂြိုဟ်ပူးများဟု ခေါ်ကြောင်း ၎င်းတို့က ထပ်မံပြောကြားသည်။

ယင်းအဖြစ်မှာ အံ့ဩဖွယ်ကောင်းအောင် ထူးဆန်းကြောင်း၊ ဂြိုဟ်များက ကြယ်အနီးတွင် လွန်စွာနီးကပ်နေသဖြင့်လည်း အလွန့်အလွန်ထူးဆန်းကြောင်း၊ နေစကြဝဠာ၏ပြင်ပ၌ ဂြိုဟ်ပေါင်း ၅၀၀ ကျော်ရှိကြောင်း နော့သ်ဝက်စ်တက္ကသိုလ်မှ နက္ခတ္တဗေဒပညာရှင် တစ်ဦးဖြစ်သူ ဖရက်ဒရစ် ရာဆီယိုက ထုတ်ဖော်ပြောကြားသည်။ **(ယာပုံ)** **(အင်တာနက်)**



ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော စစ်သင်္ဘော ပင်လယ်ကွေ့သို့ ဦးတည်ထွက်ခွာ

လန်ဒန် မေ ၁၃

သံသတ္တုသင်္ဘောများထက် ရေမြုပ်မိုင်းများကို ပိုမိုရှောင်ကွင်းနိုင်သည့် ပလတ်စတစ်ဖြင့် ရောစပ်ပြုလုပ်ထားသော ဗြိတိသျှရေတပ်သင်္ဘောတစ်စင်းသည် မေ ၁၀ ရက်က ဖာစလိန်းအခြေစိုက်စခန်းမှ ပင်လယ်ကွေ့သို့ ဦးတည် ခုတ်မောင်းသွားသည်။ **(အောက်ပုံ)**

အိတ်ချ်အမ်အက်စ်ရမ်ဆေးဟု အမည်ပေးထားသော ၎င်းသင်္ဘောကို မှန်နှင့်ပလတ်စတစ် ရောစပ်ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းသင်္ဘောသည် အခြားရေတပ်သင်္ဘောများမသွားနိုင်သည့် မိုင်းများအနီးသို့ သွားလာခုတ်မောင်းနိုင်သည်။

၎င်းသင်္ဘောသည် လေးနှစ်ကြာ လုံခြုံရေးကင်းလှည့်တာဝန် ထမ်းဆောင်မည့် စူးအက်တူးမြောင်းအရှေ့ပိုင်းဆီသို့ ဦးတည်ခုတ်မောင်းခဲ့ခြင်းဖြစ်သည်။ သင်္ဘော၏အရှည်မှာ ၅၂ မီတာရှိသည်။ သင်္ဘောမှာ ငယ်သော်လည်း ခေတ်မီ စစ်လက်နက်ပစ္စည်းများ တပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါ ပလတ်စတစ်သင်္ဘောသည် ပင်လယ်ကြမ်းပြင်မြေပုံကို ဓာတ်ပုံရိုက်ယူပြီး ရေအောက်၌ အရာဝတ္ထုများတည်ရှိနေမှုကို စုံစမ်းထောက်လှမ်းနိုင်မည်ဟု ဆိုသည်။ ယင်းသင်္ဘောသည် ငယ်သော်လည်း အခြားသောစစ်သင်္ဘောကြီးများကဲ့သို့ ကုန်တင်သင်္ဘောကြီးများအတွက် ရေလမ်းကြောင်း ရှင်းလင်းရေး ကောင်းမွန်စွာပြုလုပ်ပေးနိုင်ကြောင်း သင်္ဘောကပ္ပတိန် ဒုတိယ ဗိုလ်မှူးကြီး အဲလက်စ်ဘွတ်ရှ်က ပြောကြားသည်။ **(အင်တာနက်)**

တောင်ကိုရီးယား အမြန်ရထားချွတ်ယွင်းမှုရှိ စက်ရုံပြန်သွင်းရန် တိုက်တွန်းထား

ဆိုးလ် မေ ၁၃

တောင်ကိုရီးယား ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းက ပြည်တွင်းဖြစ် ကျည်ဆန်ရထားတစ်စင်းကို ပြေးဆွဲရာ၌ အပြစ်အနာအဆာများ တွေ့ရှိသဖြင့် သက်ဆိုင်ရာစက်ရုံသို့ ပြန်လည်သွင်းရန် ၎င်းကော်ပိုရေးရှင်းက မေ ၁၁ ရက်၌ တိုက်တွန်းလိုက်သည်။

ကြုံတွေ့ခဲ့

ကေတီအိတ်-ဆန်ချွန်(ဝဲပုံ)ဟု အမည်ပေးထားသည့် ၎င်းကျည်ဆန်ရထားသည် တစ်နာရီ ကီလိုမီတာ ၃၀၀ အထိ ခုတ်မောင်းနိုင်သော်လည်း ပြီးခဲ့သည့်နှစ် မတ်လမှစ၍ သုံးစွဲရာ၌ အပြစ်အနာအဆာ အကြီးအသေး ၄၁ ခု ကြုံတွေ့ခဲ့ရသည်ဟုဆို၏။

ယင်းသို့ ကျည်ဆန်ရထားကို စက်ရုံသို့ ပြန်သွင်းရခြင်းကြောင့် ဘရာဇီးနှင့် အမေရိကန်အပါအဝင် အခြားနိုင်ငံများသို့ ထုတ်ရောင်းမည့် အစီအစဉ်ကို ထိခိုက်စေနိုင်သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံတကာသတင်းအတိုအထွာ

နယူးယောက်မြို့၌ အကြမ်းဖက်သမားနှစ်ဦးဖမ်းဆီး

နယူးယောက် မေ ၁၃

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အင်ပါယာစတိတ်အဆောက်အအုံကို အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် သံသယရှိသူ အမျိုးသားနှစ်ဦးအား နယူးယောက်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း မေ ၁၂ ရက်၌ သတင်းထုတ်ပြန်သည်။ ၎င်းတို့ နှစ်ဦးမှာ အသက် ၂၆ နှစ်အရွယ်ရှိ အာမက်ဖာဟာနီနှင့် အသက် ၂၀ အရွယ်ရှိ မိုဟာမက်မမ်ဒူရ်တို့ ဖြစ်ကြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေဒီယိုသတ္တိကြွလက်ဖက်များ ဈေးကွက်မှပြန်သိမ်း

တိုကျို မေ ၁၃

ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်တောင်ပိုင်းရှိ လက်ဖက်စိုက်ပျိုးမြေတွင် ရေဒီယိုသတ္တိကြွမှုများ စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် လက်ဖက်ခြောက်များကို ဈေးကွက်မှပြန်သိမ်းခဲ့ကြောင်း တာဝန်ရှိသူများက မေ ၁၂ ရက်တွင် ပြောကြားသည်။

ပြန်သိမ်း

အဆိုပါ လက်ဖက်ခြောက်များကို ကာနာဂါဝါစီရင်စု၌ စပြီးသိမ်းခဲ့ကြောင်း၊ မီနာမီယာရှီဂါရာမြို့ စိုက်ပျိုးမြေမှထွက်သော လက်ဖက်များ၌ ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းများတွေ့ရှိခဲ့ပြီးနောက် ဈေးကွက်မှ ပြန်သိမ်းခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အိန္ဒိယ၌ ယာဉ်တိုက်မှုများကြောင့် ၂၈ ဦးသေဆုံး

နယူးဒေလီ မေ ၁၃

အိန္ဒိယနိုင်ငံ ရာဂျာစတန်နှင့် မဟာရာရှထရာပြည်နယ်တို့တွင် မေ ၁၂ ရက်က ယာဉ်မတော်တဆဖြစ်ပွားမှုသုံးခုကြောင့် ၂၈ ဦး သေဆုံးပြီး ၆၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ပထမဖြစ်ပွားမှုမှာ ရာဂျာစတန်ပြည်နယ်၌ ဖြစ်ပြီး ၁၁ ဦး သေဆုံးကာ ၅၀ ဒဏ်ရာရရှိခဲ့သည်။ ဒုတိယဖြစ်ပွားမှုမှာ ယင်းပြည်နယ်ရှိ ပါလီခရိုင်တွင်ဖြစ်ပြီး ကားနှစ်စီးတိုက်မှုကြောင့် ရှစ်ဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ တတိယယာဉ်တိုက်မှုမှာ မဟာရာရှထရာပြည်နယ် အနောက်ပိုင်းတွင်ဖြစ်ပြီး ကိုးဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

❒ မိုးမြင့်လင်းလက် - စုစည်းသည် ❒

တရုတ်ရှိကျေးလက်ဘဏ်တစ်ခု၌ ဓာတ်ဆီဗုံးဖြင့် တိုက်ခိုက်

ပေကျင်း မေ ၁၃

တရုတ်နိုင်ငံ ဂန်ဆုပြည်နယ် အနောက်မြောက်ပိုင်း ကျေးလက်ဘဏ်တစ်ခု၌ မေ ၁၃ ရက်က ဓာတ်ဆီဗုံးဖြင့် ဘဏ်အဆောက်အအုံအတွင်းသို့ ပစ်သွင်းတိုက်ခိုက်ခဲ့သဖြင့် ဘဏ်ဝန်ထမ်း ၄၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ၎င်းကျေးလက်ဘဏ်အဆောက်အအုံရှိ အထပ်လေးထပ်၌ ဝန်ထမ်းများ နံနက်ပိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်စဉ် မကျေမနပ်ဖြစ်နေသော ဝန်ထမ်းဟောင်းတစ်ဦးက အစည်းအဝေးခန်းတံခါးပေါက်မှနေ၍ ဓာတ်ဆီဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ဖြစ်ပွားသည့် ဘဏ်မှာ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂူဝေမြို့၌ ရှိပြီး မေ ၁၃ ရက် နံနက် ဒေသစံတော်ချိန် ၈ နာရီခွဲခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းဝန်ထမ်းဟောင်းသည် ပြီးခဲ့သည့်လက ဘဏ်မှငွေများကို အလွဲသုံးစားပြုလုပ်ခဲ့သဖြင့် အလုပ်ထုတ်ခံရသော အသက် ၃၉ နှစ်အရွယ်ရှိ ယန်စီအန်ဝမ်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

ပါကစ္စတန် အနောက်မြောက်ပိုင်း၌ ဗုံးပေါက်ကွဲ၊ လူ ၈၀ ခန့်သေဆုံး

အစ္စလမ္မာဘတ် မေ ၁၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စစ်အကယ်ဒမီကျောင်းတွင် မေ ၁၃ ရက်က ဗုံးနှစ်လုံးပေါက်ကွဲမှုဖြစ်ပွားရာ ၈၀ ခန့် သေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ဝဲပုံ)**

အခင်းဖြစ်ပွားသည့်နေရာမှာ ချာဆက်ဒါခရိုင် ရှာကာဒါမြို့ရှိ စစ်အကယ်ဒမီလေ့ကျင့်ရေးကျောင်းတွင် ဖြစ်ကြောင်း၊ ဗုံးခွဲတိုက်ခိုက်မှုမှာ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ပြောကြားထား

ယခုအသေခံ ဗုံးခွဲတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အစည်း၏ လက်ချက်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားမှုမရှိသေးသော်လည်း ယခုလ အစောပိုင်းရက်များက ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း တာလီဘန်တို့က ပြောကြားထားသည်။ **(အင်တာနက်)**

ရှင်းမြို့နယ်၌ မြို့ကြီးရေလှောင်တမံ တည်ဆောက်လျက်ရှိ

ရှင်း မေ ၁၃

ရှင်းမြို့နယ်၌ မြို့ကြီးရေလှောင်တမံ တည်ဆောက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်သန်း၊ ပြည်နယ်စီမံ/ဘဏ္ဍာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်စီးပွားရေးဝန်ကြီး ဦးသောင်းရွှေ၊ ပြည်နယ်ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ပြည်နယ်စက်မှုနှင့်သတ္တုဝန်ကြီးဦးစိုင်းအိုက်ပေါင်း၊ ပြည်နယ်လယ်ယာနှင့်သစ်တောဝန်ကြီး ဦးစိုင်းဆာလူ၊ ပြည်နယ်ဆောက်လုပ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းနှင့်တာဝန်ရှိသူများသည် ဧပြီ ၃၀ရက် ညနေ ၃နာရီက ရှင်းမြို့နယ် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ရောက်ရှိပြီး စီမံကိန်းတည်ဆောက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။(**အောက်ပုံ**)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၇)မှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ညွှန်ကြားရေးမှူး ဦးကျော်ချစ်က မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့်ပတ်သက်၍ တမံမြေဖို့ခြင်း၊ တမံလက်ယာ Abutment ဆင်ခြေလျှောတွင် Clayball ကပ်ပြီး Hand Ramming လုပ်ငန်း၊ တမံအထက်ပိုင်း ဆင်ခြေလျှောကျောက်ကြီးစီခြင်းလုပ်ငန်းနှင့် မြို့ကြီးရေလွှဲဆည် တည်ဆောက်ပြီးစီးမှု အခြေအနေများ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေအားလျှပ်စစ် ဥမင်လိုဏ်ကြွခိုင်မှုလုပ်ငန်းများ၊ စက်ယန္တရားများနှင့် တမံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်သည့်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

တိုင်းရင်းဆေးကို ပြည်သူများ အားထားအသုံးပြုလျက်ရှိ ဆေးသုတေသနလုပ်ငန်းများ ရှာဖွေဖော်ထုတ်ဆောင်ရွက်

နေပြည်တော် မေ ၁၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြည်သူများအနေဖြင့် တိုင်းရင်းဆေးများကို ပိုအားထားကာ အသုံးပြုလျက်ရှိကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်မှုတွင် ဆေးအမျိုးအမည်များကို ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် ဖော်ပြရာတွင် နံပါတ်များအစား ဆေးအမည်ဖော်ပြသင့်ကြောင်း၊ အဓိက ကျန်းမာရေးပြဿနာကို ဖြေရှင်းနိုင်သည့် လက်တွေ့ကျသော ဆေးသုတေသနလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သင့်ကြောင်း မေ ၈ ရက် နံနက် ၉နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများအား ဆွေးနွေးမှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) အီလက်ထရွန်နစ် စာကြည့်တိုက်၊ ပြခန်းရှိ တိုင်းရင်းဆေးဖြင့် ရောဂါကြီးခြောက်ပါး ကုသနိုင်ရန် သုတေသနပြု ဆောင်ရွက်ထားသည့် သုတေသနပြကွက်များနှင့် ပရဆေးဥယျာဉ်၌ ပရဆေးပင်များနှင့် ရှားပါး ပရဆေးပင်များ စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးကြီးအတွင်း ဒုတိယဦးစီးမှူး (ဈေး)၊ ဈေးတာဝန်ခံနှင့် ဈေးသူ ဈေးသားများ စုပေါင်း၍ ဈေးရုံချင်းဆက်အမိုးများ ပြုပြင်တည်ဆောက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဈေးကွက်ဆိုင်ရာ သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် မေ ၁၃

စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု Diploma သင်တန်းဖြစ်သော Diploma in Marketing သင်တန်းကို Thames Management Centre (Yangon) တွင် ဖွင့်လှစ်မည်ဖြစ်ရာ ၎င်းသင်တန်းတွင် Computer Applications, Marketing Studies, Consumer Behavior Studies, Interpersonal Skills စသည့် ဘာသာရပ်လေးခု သင်ကြားမည်ဖြစ်သည်။ သင်တန်းမှာ လေးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သွင်းကုန်ထုတ်ကုန်လုပ်ငန်းကြီးများ၊ ဟိုတယ်နှင့်စားသောက်ကုန်လုပ်ငန်းများ၊ Shopping Centre များ၊ စတိုးဆိုင်ကြီးများ၊ ဘဏ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများ အစရှိသော စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။

ဆက်သွယ်

သင်တန်းကို မေ ၁၄ ရက်၌ စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက Thames Management Centre, Yangon ဖုန်း-၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀၊ ၇၀၆၇၄၀၊ မြေနီကုန်းပလာဇာ ဒုတိယထပ် (ဒဂုံစင်တာနှင့်ဂမုန်းပွင့်ကြား) ဗားကရာလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆကာကြီးအသင်း သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၃

ဆကာကြီးအသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မေ ၃ ရက် နံနက် ၈ နာရီက ဆကာကြီးမြို့ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဆကာကြီးအသင်း(ရန်ကုန်) အတွင်းရေးမှူး ဦးအေးကြူ (ဆကာကြီးအေးကြူ) နှင့် ဆကာကြီးအသင်း(ရန်ကုန်) အသင်းတိုက်ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မိုးဇော်(ရွှေဘုန်းပွင့်) တို့က အသင်းတိုက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ပူဇော်ကန်တော့

ထို့နောက် သက်ကြီးပူဇော်ပွဲကို ကျင်းပရာ အသက် ၈၀ နှင့်အထက် ဘိုးဘွား ၃၀ တို့အား အလှူငွေများဖြင့် ပူဇော်ကန်တော့ကြသည်။ **(ယာပုံ)** ဆက်လက်၍ သက်ကြီးဘိုးဘွားများကိုယ်စား ကန်တော့ခံအငြိမ်းစားဆရာကြီး ဦးစံရင်က ဆုတောင်းမေတ္တာပို့သစကား ပြန်လည်ပြောကြားသည်။ ထို့နောက် ဆကာကြီး အထကမှ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၇ဦးအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။ **(မြို့နယ်အသင်း)**

အပြည်ပြည်ဆိုင်ရာ သစ်ထောက်ခံချက်ဆိုင်ရာ သင်တန်းတက်ရောက်ရန် ဆွီဒင်သို့ ထွက်ခွာ

ရန်ကုန် မေ ၁၃

ဆွီဒင်နိုင်ငံတွင် မေ ၁၁ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သစ်ထောက်ခံချက်ဆိုင်ရာ သင်တန်း (International Training Program on Forest Certification 2011) သို့ တက်ရောက်ရန် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ ငြိမ်းဖောင်ဒေးရှင်းမှ ဦးမြင့်ဇော်၊ ဒီရေတောများနှင့် ဝန်းကျင် ပြန်လည်ထူထောင်ရေးကွန်ရက် (MERN) မှ ဦးအောင်ကျော်နိုင်နှင့် ဦးတင်မိုးတို့သည် မေ ၉ ရက် ညနေပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆွီဒင်နိုင်ငံသို့ထွက်ခွာရာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးအောင်နိုင်ဦးနှင့် အမှုဆောင်အရာရှိ ဦးထင်ကျော်တို့ လိုက်ပါပို့ဆောင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အထောက်အကူပြု

အဆိုပါသင်တန်းသည် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော သဘာဝနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာလုပ်ငန်းများကို အထောက်အကူဖြစ်စေနိုင်ကြောင်း သိရှိရသည်။ **(သစ်လုပ်ငန်းရှင်များအသင်း)**

မြဝတီရုပ်မြင်သံကြား

၁၄-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ဘော့စ်ဘောကြယ်ပွင့်များ** (အပိုင်း-၃)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **မိစ္ဆာတစ်ကောင်၏ဖြောင့်ချက်** ပြေတီဦး၊မယ်လိုဒီ၊ခိုင်နှင်းဝေ (ဒါရိုက်တာ-ဒီအေးလွင်)
၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၆၆)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၇ ၃။ နိုင်ငံတော်သီချင်း
၄:၁၃ ၄။ အဖွင့်သီချင်း
၄:၁၅ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၃၀ ၇။ မြန်မာသံစဉ်
၄:၄၀ ၈။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၅၀ ၉။ ကုန်သွယ်သုတ
၄:၅၅ ၁၀။ အားလုံးရဲ့တာဝန်
၅:၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၅။ လျှပ်တစ်ပြက်
၆:၂၀ ၁၆။ စားဖိုဆောင်ချစ်သူ
၆:၄၀ ၁၇။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း-၈)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ လူရွှင်တော်စကား
၂၄။ အင်္ဂလိပ်စာသုတ
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပန်းနုရောင်ချစ်အိပ်မက်** (အပိုင်း-၁၉)
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၅၂)

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol သည် မေ ၁၂ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန် စေလွှတ်ယှဉ်ပြိုင်ရေး၊ နည်းစနစ်များဖလှယ်ရေး၊ အားကစားအဖွဲ့အချင်းချင်းပူးတွဲ၍ လေ့ကျင့်ရေးများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍိယ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၁၃

နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော သက်တော်(၁၀၁)နှစ် သိက္ခာတော်(၈၁)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍိယ ဆရာတော်ကြီးသည် ၁၃၇၃ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်(၁၂-၅-၂၀၁၁ ရက်)(ကြာသပတေးနေ့) နံနက် ၅ နာရီ ၅၉ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမဈာပန အခမ်းအနားကို ၁၃၇၃ ခုနှစ် ကဆုန်လကွယ်နေ့ (၁-၆-၂၀၁၁ ရက်) (ဗုဒ္ဓဟူးနေ့) တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဩဝါဒါစရိယ ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍိယ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သရက်ကုန်းရွာ ခမည်းတော် ဦးနန္ဒိယ၊ မယ်တော် ဒေါ်မအင်းတို့က ၁၂၇၃ ခုနှစ် နယုန်လဆန်း ၁၂ ရက်(တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃နှစ်သားအရွယ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သရက်ကုန်းကျေးရွာ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့ပြီး ၁၂၉၂ ခုနှစ် တန်ခူးလဆန်း ၈ ရက်တွင် ဘီးလင်းမြို့နယ် ကရဝေးဆိပ်ကျောင်း ဆရာတော် ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက် သရက်ကုန်းကျေးရွာ သရက်ကုန်းကျောင်း ဥဒကုက္ခေပသိမ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် သရက်ကုန်းကျေးရွာကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒ၊ သထုံမြို့ နောင်ဘိုရွာကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒ၊ ဘဒ္ဒန္တသာသန၊ ဝင်းစိန် အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မန္တလေးမြို့ ညောင်ကန်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တနာရဒနှင့်ဆရာတော် ဦးကြယ်၊ အသောကာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ကြီးကို ပရိယတ္တိစာသင်တိုက်အဖြစ် တည်ထောင်ဖွင့်လှစ်၍ ငယ်၊ လတ်၊ ကြီး စသော စာသင်သံဃာ ၉၀ ကျော်တို့အား ကိုယ်တိုင်ကြီးကြပ်ကွပ်ကဲ၍ စာပေသင်ကြားပို့ချခြင်း၊ ကရင်-မြန်မာနှစ်ဘာသာ ဂါထာပဒေသာကျမ်း၊ ကရင်ဘာသာပြန် သီလက္ခန်ပါဠိတော်၊ ကရင်ဘာသာပြန် (သဒ္ဒါ၊သင်္ဂြိုဟ်၊ ဝိနည်းငယ်လေးစောင်)၊ ကရင်ဘာသာပြန် ဓမ္မစကြာအဖြေကျမ်း၊ ကရင်ဘာသာပြန် ဓမ္မပဒကျမ်းတို့အား တည်းဖြတ်ခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၃၃၆ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်တည်ထောင်၍ တရားစခန်းဖွင့်လှစ်ပြသပေးခဲ့ခြင်း၊ ၁၃၄၂ ခုနှစ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပနိုင်ရန် ဘားအံအခြေခံဒေသမှ မူလသံဃာ့ဝန်ဆောင် ၆၆ ပါးတွင် ပါဝင်၍ သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ခြင်း၊ ၁၃၄၂ ခုနှစ် နယုန်လပြည့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ရွေးချယ်တင်မြှောက်ချက်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်တာဝန်ကို ထမ်းဆောင်ခဲ့ခြင်း၊ ၁၃၄၇ ခုနှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယတာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိခြင်း၊ ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဝိဇ္ဇာလယကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့တွင် နာယကအဖြစ်ဖြင့် ဦးစီးဆောင်ရွက်တော်မူခြင်းစသည်ဖြင့် သာသနာရေးကိစ္စအဝဝကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ပရိယတ္တိလုပ်ငန်းနှင့် ပဋိပတ္တိလုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ခမာဇာဂရိယစသော နာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၃(၁၉၉၁)ခုနှစ်တွင်အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၅ ခုနှစ် ၂၀၀၄ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း လှူဒါန်းပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါအရ ၁၃၇၃ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် (၁၂-၅-၂၀၁၁) ရက် (ကြာသပတေးနေ့) နံနက် ၅နာရီ ၅၉ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ ။ **(သတင်းစဉ်)**

ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၃

နိုင်ငံတော်အတွင်း တည်ထောင်စိုက်ပျိုးလျက်ရှိသော ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ပိုမိုအောင်မြင် ဖြစ်ထွန်းရေးအတွက် ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို မေ ၁၉ ရက်မှ ၂၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ စတင်၍ နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေနည်းဥပဒေများနှင့်အညီ ဆောင်ရွက် ပြည်သူများအပေါ် ပြေပြစ်ကောင်းမွန်စွာဆက်ဆံ

နေပြည်တော် မေ ၁၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၁၀ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က ရန်ကုန်မြို့ လမ်း(၄၀)ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မှတ်တမ်းဌာနစိတ်၌ မှတ်တမ်းခန်းများအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမျိုးသားမှတ်ပုံတင်ရေးဆိုင်ရာ မှတ်တမ်းများထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ပန်းဆိုးတန်းလမ်းရှိ ပြည်ဝင်၊ ပြည်ပြန်ဝင်နှင့် နေခွင့်ဌာနစိတ်၊ နိုင်ငံခြားသားများ မှတ်တမ်းထိန်းသိမ်းရေး ဗဟိုဌာနစိတ်နှင့် ရေလေကြီးကြပ်ဌာနစုတို့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား တွေ့ဆုံကာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရေး၊ ပြည်သူအပေါ် ဆက်ဆံရေး ပြေပြစ်ကောင်းမွန်ရေး၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရေး၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်တာဝန်များ ကျေပွန်စွာ ထမ်းဆောင်ကြရေး ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ညီလာခံတက်ရောက်ရန် တူရကီနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် ဦးဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် မေ ၉ ရက်မှ စတင်ကျင်းပမည့် (၄)ကြိမ်မြောက် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကွန်ဖရင့်နှင့် ပြပွဲသို့ ပါဝင်တက်ရောက်ရန် မေ ၈ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားရာ ကုန်သည်/ စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (ဝဲပုံ)

(ကုန်သည်/စက်မှုအသင်းချုပ်)

တရုတ်နိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ ကြည့်ရှုလေ့လာ

နေပြည်တော် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိပြီး စေတီတော်ပရိဝုဏ်အရှေ့ရပ် ဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအား လည်းကောင်း၊ စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများအားလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၄-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂါဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၈။ တေးဂီတအစီအစဉ်
- ၈:၂၅ ၉။ အကပြိုင်ပွဲ
- ၈:၃၀ ၁၀။ **International News**
- ၈:၃၅ ၁၁။ **တော်ပါပေတယ် ဘွားဘွားရယ်**
- ၈:၄၅ ၁၂။ **Local Talent**

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၂၀ ၅။ **Yan Can Cook**
- ၁၃:၄၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၄၁)
- ၁၄:၄၅ ၇။ **အိုးပိုင်အိမ်ပိုင်**

ညပိုင်း

- ၃:၃၀ ၁။ **AFC President's Cup (2011)** ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် [**FC lstiklol(TJK)** အသင်းနှင့် **Jabal Al Mukaber Club (PAL)** အသင်း]
- ၅:၀၀ ၂။ တေးဂီတအစီအစဉ်
- ၅:၁၀ ၃။ **International Science News**
- ၅:၂၀ ၄။ **အဖိုးထိုက်အသုံးဝင်မြန်မာ့ဆင်**
- ၅:၃၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆:၃၅ ၉။ ယဉ်တစ်ကိုယ်မယ် (အေးဝတ်ရည်သောင်း)
- ၇:၀၀ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၁၀)
- ၈:၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၁၃)
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုပ်ထွေးဆန်းကြယ်** (အပိုင်း-၅)
- ၁၆။ **ဂီတတံခါးလေးဖွင့်ပါဦး**

စာအုပ်စာပေ လှူမိတ်ဆွေ

အိမ်အလှဆင်နှင့် ရေချိုးခန်းသုံးပစ္စည်းများ ကုန်စည်ပြပွဲတွင် ပါဝင်ပြသ

ရန်ကုန် မေ ၁၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ ELECTRONICS & LIVING EXP0- 2011 ပြပွဲကို Champion Construction Materials Co.,Ltd. (Member of NAING Group) မှ Main Sponsor အဖြစ် ပါဝင်လျက် မေ ၁၃ရက်မှ ၁၆ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ပြပွဲတွင် ချန်ပီယံဆောက်လုပ်ရေးကုမ္ပဏီက အိမ်အလှဆင်နှင့် ရေချိုးခန်းသုံးပစ္စည်းများ၊ Toilet & Basin, Hand Spray နှင့် Bathroom Accessory မျိုးစုံ၊ Quality မြင့် Champion Bathtub များ၊ Champion 2 way Showere set & faucet များ၊ Shower Cabin များ၊ ကြွေပြားမျိုးစုံ နှင့် Stone Mosaic များ၊ Steel Tank & Plastic Tank၊ Steel Sink & Granite Sink များ၊ PVC & ABS Door များ၊ Stainless Steel Door & Steel Security Door များ၊ Steel Wooden, Solid Wood, Malamine Interior Door & Aluminium Door များ၊ Champion Elevator များ၊ White Horse တံဆိပ်အိမ်အတွင်းအပြင် အလှဆင်ကြွေပြားနှင့် ကျောက်ပြားများစသည့် ကမ္ဘာ့အဆင့်မီ ပစ္စည်းများကို ပြသထားသည်။ ပြပွဲရက်အတွင်း အထူး Discount ငွေပေးချေမှုနှင့် လုပ်ငန်းများအတွက် Reliable Supplier အဖြစ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဖွင့်လှစ်ထား

Champion Construction Materials Co., Ltd. ၏ ရုံးချုပ်နှင့် CCM Mall များ အောက်မြန်မာပြည်ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း အမှတ် (၂) စကားဝါအိမ်ရာနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း အမှတ် ၄၀၈။ အထက်မြန်မာပြည် CCM Mall နေပြည်တော်ကို နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်း (၂)ရပ်ကွက် ရာဇဌာနီလမ်း အမှတ် ၃၀၅၉ နှင့် CCM Mall မန္တလေးကို မဟာအောင်မြေမြို့နယ် ရတနာဘူမိအရှေ့အရပ် ၃၅ လမ်း လမ်း ၈၀×၈၁ ကြား အမှတ် ၂၂၅ တို့တွင် ဖွင့်လှစ်ထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၁၃

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် (ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ရှိ ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံ

ထို့နောက် နံနက်ပိုင်းတွင် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များနှင့်လည်းကောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးအဆောက်အအုံ၌ တွေ့ဆုံခဲ့သည်။

ပို့ဆောင်နှုတ်ဆက်

မစ္စတာဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်မထွက်ခွာမီ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားသည် သတင်းထောက်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် လေဆိပ်ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**

❖ ကျောဖုံးမှ

မေးမြန်း

စာရေးသူသည် ငရုတ်သီးစိုက်ပျိုးရေးအကြောင်း သတင်းဆောင်းပါးရေးသားရန် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းရွာသို့ လေ့လာရေးတစ်ခေါက် ရောက်ရှိခဲ့သည်။ အချိန်ကား...ဧပြီလနောက်ဆုံးပတ် ပူပြင်းသောနွေနှောင်းကာလ မွန်းလွဲ ၂နာရီခန့်၊ နွေနေပူကို အန်တုရ၍လုပ်ကိုင်နေသော ကင်ပွန်းတန်းရွာမှ ငရုတ်စိုက်တောင်သူဒေါ်တာတာ၏ စိုက်ခင်းသို့အရောက်တွင် ဒေါ်တာတာက စာရေးသူအား ငရုတ်စိုက်ခင်းဘေးရှိ အရိပ်အာဝါသကောင်းသော သရက်ပင်ကြီးအောက်သို့ခေါ်ကာ နေရာပေးရင်း သိလို၍ မေးမြန်းသမျှကို ဖြေကြားပေးခဲ့သည်။

"ကျွန်မတို့ရွာမှာ ရာသီအလိုက် သီးနှံတွေကို စိုက်ပျိုးကြပါတယ်။ ကြက်သွန်၊ ငရုတ်၊ မေမြို့ပန်း၊ မုန်ညင်း၊ နံနံနှင့် ခရမ်းတို့ကို အဓိကစိုက်ပျိုးပါတယ်။ ကျွန်မကတော့ ကုလားအော်ငရုတ်ကို လက်ရှိစိုက်ပျိုးထားပါတယ်။

"ငရုတ်အပင် ၄၅၀၀ကျော် စိုက်ပျိုးထားပါတယ်။ ငရုတ်မျိုးကို ပျိုးဖောက်ပြီး ပျိုးစထောင်ရပါတယ်။ ရေလောင်း၊ ပေါင်းသင်တာတွေ ပြုလုပ်ပေးရပါတယ်။ ပျိုးသက် ၄၅ ရက် စိုက်ပျိုးပြီးမှ ရွှေ့ပြောင်း စိုက်ရတာပါ။

"ကုလားအော် ငရုတ်ဆိုတော့ ဈေးကောင်းရပါတယ်။ စားတဲ့သူတွေ ဘေးဥပဒ်မဖြစ်တဲ့အတွက် ဒီငရုတ်ကို အစားများကြပါတယ်။ စိုက်ပျိုးပြီး လေးလကျော်ဆို စတင်ဆွတ်ခူး ရောင်းချလို့ရပါပြီ။

"နေပူပြင်းတဲ့အခါ သုံး၊ လေးရက်တစ်ခါရေသွင်းရပါတယ်။ ငရုတ်သီးက တစ်ပတ်တစ်ခါဆွတ်ရပါတယ်။ ဈေးနှုန်းကတော့ ပုံမှန်မရှိပါဘူး။ အခုပေါက်ဈေးက တစ်ပိဿာ ငွေကျပ် ၁၂၀၀ ပေါက်ပါတယ်။ ဒီငရုတ်က ရေသွင်း၊ မြေဩဇာထည့်ရင် အချိန်ကြာကြာ ဆွတ်ရောင်းလို့ရပါတယ်" ဟု ငရုတ်စိုက်ပျိုးပုံနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ် ရှင်းပြပါသည်။ စာရေးသူသည် စိမ်းညို့နေသော ငရုတ်စိုက်ခင်းကို လေ့လာကြည့်ရင်း ရှင်သန်လွန်းလှသော ငရုတ်ပင်များကို အားရနေမိတော့သည်။

ဝင်ငွေတိုး

မြန်မာနိုင်ငံ နေရာဒေသအနှံ့ရှိ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် မိမိနေရာဒေသ၏ မြေခံ၊ ရေခံ၊ ရာသီဥတု အပေါ်မူတည်၍ သီးနှံစုံစိုက်ပျိုးကြသည့်အနက် ဤနေရာ၊ ဤဒေသမှ တောင်သူများသည်လည်း ငရုတ်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးကာ လူမှုစီးပွားဘဝအခြေအနေ အဆင်ပြေလျက်ရှိပါကြောင်း ကွင်းဆင်းရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရန်ကုန်မြို့၌ THOR ဇာတ်ကားသစ်ရုံဝင်လာ

ရန်ကုန် မေ ၁၃

ယခုသီတင်းပတ် သောကြာ (မေ ၁၃ ရက်)တွင် ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ နိုင်ငံခြားဇာတ်ကားသစ် THOR ရုံဝင်လာပြီး သမ္မတ၊ သွင်၊ မင်္ဂလာနှင့် ရွှေဆောင်ရုံများတွင် ပြသမြဲဇာတ်ကားများ ဆက်လက်ပြသလျက်ရှိသည်။

ကြည့်ရှုခံစားနိုင်

THOR ဇာတ်ကားကို ဒါရိုက်တာ Kenneth Branagh ရိုက်ကူးပြီး သရုပ်ဆောင် Chric Hemsworth ၊ Anthony Hopkins တို့ ပါဝင်သရုပ်ဆောင်ထားသည်။ အေဒီ ၉၆၅ ခုနှစ်က အက်စ်ဂတ်တိုင်းပြည်နှင့် ဂျိုတွန်တိုင်းပြည် ဘုရင်တို့စစ်ဖြစ်ကြပုံ၊ စစ်ပွဲအတွင်း ဖြစ်ပျက်ခဲ့ပုံများ၊ တန်ခိုးရှင်အဖြစ် ဖန်တီးနိုင်သည့် ဂြိုဟ်တုကြီး ရယူရန်ကြိုးပမ်းပုံနှင့် တန်ခိုးရှိသည့် ရှေးဟောင်းသေတ္တာကြီးကို ရယူရန်ကြိုးစားပုံများကိုစွန့်စားမှု၊ တိုက်ခိုက်မှု ဇာတ်ဝင်ခန်းများဖြင့် ရိုက်ကူးတင်ဆက်ထားရာ ပရိသတ်များ ရင်တထိတ်ထိတ်ဖြင့် ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

(အောက်ပုံ)

အောင်ပွဲခံ

တစ်ဖန် ဒါရိုက်တာ ညီညီထွန်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ဩရသတို့ရိုက်ကူးထားသည့် **အလန်းဇယား**ရုပ်ရှင်ဇာတ်ကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာရုံတို့တွင် ဆက်လက်ပြသ အောင်ပွဲခံလျက်ရှိသည်။

ထို့ပြင် ရွှေဆောင်ရုံတွင်လည်း SEASON OF THE WITCH ဇာတ်ကား ဆက်လက်ပြသနေပါကြောင်း ယခု သီတင်းပတ်ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ မွေးရာပါတာဝန်တစ်ရပ်အဖြစ် ခံယူလိုက်နာဆောင်ရွက်

နေပြည်တော် မေ ၁၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမဦကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီတွင် ဝန်ကြီးဌာန ၁၉ ခုမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စုစုပေါင်း ၂၁ ဦးဖြင့် ပါဝင်ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ယခင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများ၊ အောင်မြင်မှုများ၊ ရလဒ်များသည် လက်ရှိကော်မတီအတွက် အခြေခံကောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် ယခင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများကို လေ့လာပြီး လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်နိုင်မည့် Strategy Action Plan ရေးဆွဲအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

မွေးရာပါတာဝန်

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က လူသားများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ လူသားတို့အတွက် လိုအပ်သည့် သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲခြင်း၊ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်တားဆီးမှုများ စီမံဆောင်ရွက်ထားခြင်းနှင့် လူသားအားလုံးက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို မိမိတို့၏ မွေးရာပါတာဝန်တစ်ရပ်အဖြစ် ခံယူထိန်းသိမ်းလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဝင်များက သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စပ်လျဉ်းသည့် အချက်အလက်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ဆွေးနွေးတင်ပြကြသည်။

အဆိုပြုတင်ပြ

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ အတွင်းရေးမှူး သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းများအဖွဲ့ (၅)ဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ထားမှုတို့ကို အဆိုပြုတင်ပြသည်။

အမှာစကား

ယင်းနောက်ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ဗီယက်နမ်သံအမတ်ကြီးနှင့် စင်ကာပူသံအမတ်ကြီးတို့ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chu Cong Phung သည် မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်သွယ်ရေး နည်းပညာဆိုင်ရာများ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ရင်းနှီးစွာဆွေးနွေး

အလားတူ ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Robert Chua Hian Kong သည် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ e-Government လုပ်ငန်းနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် သင်တန်းများပို့ချရေး၊ ပိုမိုကျွမ်းကျင်သော ICT လူ့စွမ်းအားအရင်းအမြစ်ဖြစ်အောင် လေ့ကျင့်ပညာပေးရေးနှင့် နှစ်နိုင်ငံအကြား ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ပေါင်းတာမှန်မှကောင်းတာရ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၆:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၃)
၇:၃၀	MRTV-4 သတင်း
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၁)
၈:၄၅	အလိုတော်ပြည့်၍ ဘေးကင်းရန်ကွာ လာဘ်မိုးစွေရွာ
၉:၀၅	ပေးဆပ်သူများအတွက်... ကန္တာရဝသ
၉:၂၀	**ကြယ်စင်အလင်းဝေဖြာ နေပြည်တော်စိုးစံမှာ...**
၉:၃၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၁၀	ရန်ကုန်မြင်ကွင်းကျယ် (ဒဂုံတက္ကသိုလ်အင်္ဂလိပ်စာအဓိက ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ)
၁၀:၃၀	သွားမယ်စားမယ် (JUMBO Sea Food Restaurant, Singapore)
၁၁:၀၀	**"ဝ"တာ တကယ်လှလို့လား** ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
၁၁:၂၅	MNL Preview
၁၂:၀၀	ဒစ်ဂျစ်တယ်အလှကမ္ဘာ
၁၂:၁၀	ရန်ကုန်မြင်ကွင်းကျယ် [မြန်မာနိုင်ငံ ဗေဒင်ပညာရှင်များ အသင်း၏ (၂)နှစ်ပြည့်] နှစ်ပတ်လည် အခမ်းအနား)
၁၂:၂၀	ထူးခြားဆန်းသစ် INAX Title နှင့် အသက်ရှုကျောက်ပြား Eco Corat
၁၂:၃၅	ဗုဒ္ဓနှစ် ၂၆၀၀ ပြည့် အထိမ်းအမှတ်ကြိုဆိုပွဲ
၁:၀၀	**ပေါင်းတာမှန်မှကောင်းတာရ** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Goals of the Week
၂:၅၀	Activities In The City (တိုင်းရင်းဆေးပြပွဲအခမ်းအနားမှ မဟာဗိန္ဒုတိုင်းရင်းဆေး)
၃:၀၅	BIFF & BIL 2011 ASEAN SHOW
၃:၄၀	ရန်ကုန်မြင်ကွင်းကျယ် (Zizawa Health Care Co.,Ltd. ၏ ALODISE ပစ္စည်းသစ် မိတ်ဆက်ပွဲ)
၄:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၁)
၄:၅၅	Movie Talk (ရုပ်ရှင်စကားဝိုင်းအညွှန်း) (အပိုင်း-၄)
၅:၃၀	ဂဏန်းသင်္ချာပျော်စရာ
၆:၀၀	MRTV-4 သတင်း
၆:၂၀	Activities In The City (အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအစည်းအဝေး)
၆:၃၀	သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်ဝိသိဋ္ဌဉာဏ၏ ဝိဇာတ မွေးနေ့မင်္ဂလာနှင့် သိက္ခာထပ် မင်္ဂလာ အခမ်းအနား
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄)
၇:၂၅	ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာ ဘုတ်ဘုတ်ရဲ့ ပွဲတက်ဝတ်စုံများ)
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (GETC Traditional Costum & Food Fair)
၈:၀၀	MRTV-4 သတင်း
၈:၃၀	**FA Cup (Man City Vs Stoke City)**
၁၀:၃၀	Kid's Show
၁၁:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၆၂)
၁၁:၅၀	ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခဒေါက်တာ မြင့်မောင်မောင်)
၁၂:၂၀	သူတို့ပြောတဲ့ သူတို့အကြောင်း (ဂျူညီညီနှင့်တွေ့ဆုံခြင်း)
၁၂:၅၀	ဇီးအိုရှာနှင့်သဘာဝအင်ကြင်းတော
၁:၀၀	World of Knowledge (Samurai Bow)
၁:၄၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသနသားဖောက်လုပ်ငန်း)
၂:၀၅	နယ်ဥဆန်းထွင် ပန်းအလှဆင် (ပန်းပွင့်များရဲ့ဖန်တီးရှင်) မင်္ဂလာဆောင်လက်ကိုင်ပန်းနှင့် Artist လက်ကိုင်ပန်း ပြုလုပ်နည်း
၂:၂၅	ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
၂:၄၀	အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်)(အပိုင်း-၁)
၃:၂၅	ကိုယ်ပိုင်ဟန်ဖက်ရှင် (တိမ်ပြာမို့မို့လွင်)
၃:၄၀	စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပဂေါမိတ်အလှ)
၄:၀၀	**ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၄:၂၀	ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
၄:၃၀	သာယာစိုပြည်ကြီခင်းမြေ
၄:၄၀	မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၆:၀၀	Blackburn- Man U	ESPN (Live)
	Sunderland-Wolverhampton	Star Sports (Live)
၈:၄၅	West Bromwich- Everton	ESPN (SDD)
၁၁:၀၀	Blackpool- Bolton	Star Sports (SDD)

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈:၃၀	Man City- Stoke City	Star Sports (Live)

သစ်ထွင်းပန်းချီကားနှင့် သစ်ထွင်းလိုက်ကာများ ကုန်စည်ပြပွဲ၌ ပြသ

ရန်ကုန် မေ ၁၃

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ တပ်မတော်ပြခန်းတွင် Electronics & Living Products Expo ပြပွဲကို မေ ၁၃ရက်မှ ၁၆ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ရွှေပင်ငွေပင် ဦးသန်းထွန်းက သစ်ထွင်းပန်းချီကားနှင့် သစ်ထွင်းလိုက်ကာများ ပါဝင်ပြသလျက်ရှိသည်။

ထုတ်လုပ်ပြသ

အဆိုပါပြခန်းတွင် ဟိုတယ်၊ မိုတယ်၊ ဘဏ်၊ သာသနာဗိမာန်တော်နှင့် ဘုန်းတော်ကြီးကျောင်း အဆောက်အအုံများ၊ ဧည့်ခန်းမဆောင်များ၊ နေအိမ်များ၌ ထားရှိရန်အတွက် အဆင့်မြင့် သစ်ထွင်းခန်းဆီးလိုက်ကာနှင့် လှမျိုးစုံ ပန်းပုပန်းချီကားများကို ပန်းချီ၊ ပန်းပုပညာရှင်ကြီးများ၏ ထူးခြားပြောင်မြောက်သော မြန်မာ့လက်ရာမွန်များဖြင့် ယခင်ပြပွဲများနှင့်အတူ ရွှေပင်ငွေပင် ဦးသန်းထွန်းကုမ္ပဏီမှ တီထွင်ထုတ်လုပ် ပြသထားရာ သစ်ထွင်း ပန်းချီကားများတွင် ပုဂံခေတ်ဟန်၊ ကိန္နရီမောင်နှံ၊ တောတွင်းအလှ၊ ဆင်မိသားစု၊ ရှင်လောင်းလှည့်ပွဲနှင့် အင်းလေးအလှ စသည်ဖြင့် အနုပညာ ပုံသဏ္ဌာန်မျိုးစုံ ပါဝင်သည်။

မှာယူနိုင်

တန်ဖိုးနည်း သစ်မာများကို အသုံးပြု၍ တန်ဖိုးမြင့်ပစ္စည်းအဖြစ် သစ်ထွင်းပန်းချီနှင့် သစ်ထွင်းလိုက်ကာများကို အနုပညာလက်ရာ ပြောင်မြောက်စွာ ထုဆစ်ပြုလုပ်နိုင်ခြင်းကြောင့် ၂၀၁၁ ခုနှစ် မတ်လအတွင်း ပြုလုပ်သည့် Yangon Life Style Furniture Fair 2011 ပြပွဲတွင် Award of Traditional Life Style ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ပြပွဲကာလအတွင်း ဝယ်ယူသူများအား အထူးဈေးနှုန်းဖြင့် ရောင်းချပေးမည် ဖြစ်ရာ ဆက်သွယ်မှာယူလိုပါက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း (၅၃ လမ်းနှင့် ၅၄ လမ်းကြား) အမှတ် ၁၆၆ ဖုန်း-၀၁-၂၈၂၁၈၂နှင့် ဖုန်း-၀၁-၃၉၉၈၈၄ တို့ထံသို့ မှာယူနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မိတ္ထီလာမြို့နယ် မြို့မဈေးကြီး သန့်ရှင်းရေးကို ဧပြီ ၂၇ ရက်က ဦးစီးအရာရှိ ဦးမျိုးထက်ဇော်၊ ဒုတိယဦးစီးမှူး(ဈေး) ဦးကိုကိုကျော်တို့ ကြီးကြပ်မှုဖြင့် ဈေးသူ ဈေးသားများ၊ ဈေးသန့်ရှင်းရေးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ မွန်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေး

နေပြည်တော် မေ ၁၃

မော်လမြိုင်မြို့နယ် ကော့နှတ်-ကတိုး-ကွမ်တာ-သံကပိုင် ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မေ ၁၁ ရက် နံနက်ပိုင်းတွင် ကော့နှတ်ကျေးရွာ၌ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အားပေးပြီး တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦး၊ အလှူရှင် ဦးလှထွန်းနှင့် ရပ်မိရပ်ဖ ဦးထွန်းကလေးတို့က လမ်းပိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကော့နှတ်-ကတိုး-ကွမ်တာ-သံကပိုင်ကျေးရွာချင်းဆက် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကော့နှတ်လမ်းပိုင်းကို ကြည့်ရှုစစ်ဆေးသည်။

ဖွင့်လှစ်ပေး

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ကတိုးကျေးရွာသို့ ရောက်ရှိပြီး ပြည်နယ်ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသက်ဝင်းနှင့် တာဝန်ရှိသူများက ကတိုးလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကတိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အလျား ပေ ၆၀ × အနံ ပေ ၃၀ရှိ အုတ်ညှပ် တိုးချဲ့ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကွမ်တာ-သံကပိုင် လမ်းပိုင်းဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးမျိုးညွန့်၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် ရပ်မိရပ်ဖ ဦးတင်ရွှေတို့က လမ်းပိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းပိုင်းကို ကြည့်ရှုစစ်ဆေး၍ သံကပိုင်ကျေးရွာဖြူစင်မေတ္တာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ကြည့်ရှုလေ့လာကာ သံကပိုင်ကျေးရွာ ဓမ္မာရုံ၌ ပြည်သူလူထုနှင့် တွေ့ဆုံသည်။

ပေးအပ်

ထို့နောက် ကတိုးတိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ကာ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူနေသော လူနာများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ရပ်တည်လုပ်ဆောင်ရန်လိုကြောင်း၊ ထို့အပြင် ဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်း၊ မှန်မှန်နှင့်မြန်မြန် စီရင်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ လာဘ်ပေး လာဘ်ယူကင်းရှင်းခြင်း၊ ဖြောင့်မတ်တည်ကြည်မှုဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းတို့ဖြင့် တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရန် အမြဲကျင့်ကြံလုပ်ဆောင်သွားရန်လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ *ကျောဖုံးမှ*

မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

သစ်တောများ ထာဝစဉ်ဖွံ့ဖြိုးမှ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် တည်တံ့ကောင်းမွန်မည်

မောင်ငြိမ်းသစ်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းကပင် သစ်တောသယံဇာတ ပေါကြွယ်လှသည့်နိုင်ငံ ဖြစ်သည်။ ထူးခြား၍ မတူကွဲပြားစွာတည်ရှိနေသည့် ပထဝီဝင်အနေအထားအရ ရာသီဥတုကွဲပြားခြားနားမှု၊ မြေမျက်နှာသွင်ပြင်အနိမ့်အမြင့် ကွာခြားမှုတို့ကြောင့် အမျိုးစုံလှသော အဖိုးတန်သစ်တောကြီးများ ပေါက်ရောက်ရှင်သန်နေကြသည်သာမက ဇီဝမျိုးစုံ၊ ဂေဟစနစ်မျိုးစုံလည်းပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ထို့အပြင် မြန်မာ့သစ်တောများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပင်မအရင်းအမြစ်တစ်ခုဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး၊ ရာသီဥတု မျှတရေးအတွက်လည်း အဓိက ရေသောက်မြစ်ကြီး ဖြစ်သည်။

စာရေးသူတို့နိုင်ငံတွင် သစ်တောသစ်ပင်များ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြန်မာ့သမိုင်းဖြစ်တည်မှု အစဉ်အလာနှင့်အတူ ယှဉ်တွဲဖြစ်ထွန်းလာခဲ့သည်။ မြန်မာ့သစ်တော စီမံအုပ်ချုပ်မှုသမိုင်းတွင် ကျွန်းသစ်ကို ကုန်းဘောင်ခေတ်အစပိုင်း အလောင်းမင်းတရားကြီးလက်ထက် ၁၇၆၀ ခုနှစ်ဝန်းကျင်မှစ၍ တော်ဝင်သစ်အဖြစ် သတ်မှတ်ထိန်းသိမ်းခဲ့သည်။ မြန်မာနိုင်ငံတွင် သစ်တောထိန်းသိမ်းရေးကို မြန်မာတို့၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမြင်နှင့် အသိစိတ်ဓာတ်မြင့်မားမှုတို့ကို အခြေခံကာ ဆောင်ရွက်ခဲ့ကြသည်။

နှစ်ပေါင်းများစွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည့် မြန်မာ့သစ်တောများကို ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးမှစ၍ ဗြိတိသျှအစိုးရက သစ်ကုမ္ပဏီများနှင့် ပူးပေါင်းပြီး စည်းကမ်းမဲ့ထုတ်ယူခဲ့ရာ နှစ်ပေါင်း ၃၀ ကျော်အတွင်း သစ်တောများ လွန်စွာမှ ပျက်စီးပြုန်းတီးခဲ့ရပြီး တနင်္သာရီဒေသရှိ ကျွန်းတောများ မျိုးသုဉ်းပျောက်ကွယ်ခဲ့ရသည်။ ၁၈၅၂ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီးတွင် ဗြိတိသျှအစိုးရသည် ကျွန်းသစ်များကို စည်းကမ်းမဲ့ထုတ်ယူသုံးစွဲမှုကြောင့် သစ်တောများ ပျက်စီးပြုန်းတီးရခြင်းကို သိရှိနားလည်သဘောပေါက်ခဲ့ပြီး ၁၈၅၆ ခုနှစ်မှ စတင်ကာ သစ်တောပညာရှင် ဂျာမန်လူမျိုး ဒေါက်တာဘရန်းဒစ်ကို မြန်မာ့သစ်တောများ သိပ္ပံနည်းကျ စီမံအုပ်ချုပ်ရန် ပထမဆုံးတာဝန်ပေးခဲ့သည်။ သစ်တောများ မပျက်စီးစေဘဲ နှစ်စဉ်ထုတ်ယူသုံးစွဲရန် သိပ္ပံနည်းကျတွက်ချက်နည်းစနစ်ကို အခြေခံသည့် မြန်မာ့သစ်တောရွေးချယ်ခြင်းစနစ် (Myanmar Selection System) ကို မြန်မာနိုင်ငံသစ်တောများ စီမံအုပ်ချုပ်ရာတွင် အသုံးပြုလျက်ရှိရာ ယနေ့အချိန်ထိ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားလျက်ရှိသည်။

မြန်မာနိုင်ငံ သစ်တောစီမံအုပ်ချုပ်မှုလုပ်ငန်းကို ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့ရာတွင် မြန်မာ့သစ်တောများမှ ကျွန်းသစ်နှင့် သစ်မာအပါအဝင် သစ်တောထွက်ပစ္စည်းများကို ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်အတွက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ အသေးစိတ်ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် သဘာဝသစ်တောကြီးများသည် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အခန်းကဏ္ဍအဖြစ် ရပ်တည်နေသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်သည်။ သစ်တောဦးစီးဌာနသည် ၂၀၀၀-၂၀၀၁ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ နှစ်(၃၀) အမျိုးသားသစ်တောပင်မဘက်စုံစီမံကိန်းကို ရေးဆွဲကာ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ခြင်းအတွက်သာမက လက်ရှိဖြစ်ပေါ် တိုးတက်မှုများနှင့် နှိုင်းယှဉ်ကာ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် တည်ငြိမ်ရေးတို့ကို အလေးထား၍ အကောင်အထည်ဖော်လျက်ရှိသည်။

သဘာဝဘေးအန္တရာယ်များသည် ကမ္ဘာ့နေရာအနှံ့တွင် နိုင်ငံမရွေး၊ နယ်နိမိတ်မခြားဘဲ ဖြစ်ပွားလျက်ရှိရာ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် သဘာဝဘေးအန္တရာယ်များအဖြစ် လူသားအားလုံးက အာရုံစိုက်လာသည်။ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်မှုအကြောင်းရင်းများမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်အပါအဝင် ဖန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်ခြင်း၊ သဘာဝပတ်ဝန်းကျင်အခြေအနေများ ပျက်စီးယိုယွင်းလာခြင်းနှင့် သစ်တောများ ပျက်စီးဆုံးရှုံးခြင်းတို့ကြောင့် ဖြစ်ပေါ်လာရကြောင်း သိရှိနားလည်သဘောပေါက်ခဲ့ကြသည်။ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်ခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကို အဓိကဖြစ်စေသော အကြောင်းအချက်ဖြစ်ပြီး ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်းကို ဖြစ်စေသည်။ ၁၈၅၀ ခုနှစ်ကာလလွန်နှစ်များမှစပြီး သစ်တောများပျက်စီးပြုန်းတီးခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဂီဂါတန် ၁၂၀ လေထုထဲသို့ ထုတ်လွှတ်ပြီးဖြစ်သည်။ စာရင်းအင်းအချက်အလက်များအရ တစ်ကမ္ဘာလုံး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ၏ ၂၀ ရာခိုင်နှုန်းသည် သစ်တောများ ပျက်စီးခြင်း၊ မီးရှို့ခြင်း၊ တောမီးလောင်ခြင်းတို့မှဖြစ်ကြောင်း သိရှိရသည်။

သစ်တောများအတွင်း လူသားတို့စူးစမ်းလေ့လာမှုပင် မပြုရသေးသည့် အပင်မျိုးစိတ်များ အများအပြားရှိနေသေးသည်။ ပင်နီဆီလင်ဟု အမည်ရှိသော ပဋိဇီဝဆေးကို မှိုတစ်မျိုးမှ ရှာဖွေဖော်ထုတ်အသုံးပြုနိုင်သဖြင့် လူအမြောက်အမြားတို့၏ အသက်ကို ကယ်တင်နိုင်ခဲ့သည်။ ထို့အတူ ၄က်ဖျားရောဂါကာကွယ်ကုသရာတွင် အလွန်အစွမ်းထက်သည့် ကွီနင်းဓာတ်ပါဝင်သည့် စင်ကိုနာဟုခေါ်သည့် အပင်သည် သဘာဝသစ်တောကြီးများထဲ၌ ပေါက်ရောက်သည်။ အကယ်၍ ထိုကဲ့သို့သော ဆေးဖက်ဝင်သည့် နွယ်မြက်သစ်ပင်များကို ရှာဖွေဖော်ထုတ်အသုံးမပြုရသေးခင် ၄င်းတို့တည်ရှိရာ သစ်တောကြီးများပျောက်ကွယ်သွားပါက လူသားအမျိုးအနွယ်အားလုံးအတွက် ပြန်လည်မရနိုင်တော့သည့် သယံဇာတများ ဆုံးရှုံးမှုပင်ဖြစ်သည်။ ကမ္ဘာ့လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ အချို့သောသဘာဝသစ်တောကြီးများကို စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော မြေအသုံးချမှုအဖြစ်သို့ ပြောင်းလဲခြင်းမှာ မရှောင်မလွှဲသာသော ကိစ္စရပ်ဖြစ်သော်လည်း သစ်တောများ ထာဝစဉ်တည်တံ့ရေးသည် လူသားများနှင့် အခြားသက်ရှိများ ရှင်သန်ရပ်တည်မှုအတွက် လွန်စွာအရေးကြီးသည်ကို ဂရုပြုရန်လိုသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် ခေတ်အဆက်ဆက် အစိုးရလက်ထက်တွင် သစ်တောသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်ခဲ့ရာ ခေတ်စနစ်နှင့်အညီ မြန်မာ့သစ်တောများကို စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေကိုလည်းကောင်း၊ ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒကိုလည်းကောင်း ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ အုပ်ချုပ်ရေးစနစ်နှင့်အညီ ဖွဲ့စည်းထားသော ခရိုင်များအလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း (District Forest Management Plan) ၆၄ ခုကို ၁၉၉၆ ခုနှစ်မှစတင်၍ ပြန်လည်ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို ၂၀၁၀ ခုနှစ်တွင် ပြန်လည်သုံးသပ်ကာ ပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့သည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၃ ရက်နှင့် ၄ ရက်နေ့တွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ်၌ ကျင်းပခဲ့ရာ စာရေးသူအပါအဝင် အငြိမ်းစားသစ်တောအရာရှိကြီးများအား တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားခဲ့သဖြင့် ပါဝင်ဆွေးနွေးခွင့်ရရှိခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောစီမံအုပ်ချုပ်မှုကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းကို အလေးထားဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသယံဇာတများ ထိန်းသိမ်းရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ရေးတို့ကို အလေးထား ဆွေးနွေးခဲ့ကြပါသည်။ အထူးသဖြင့် ဒေသခံပြည်သူလူထုများ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စနစ်တကျ ထုတ်ယူသုံးစွဲရေး၊ ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်နိုင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (Community Forests) များ တည်ထောင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန် ဦးတည်ဆွေးနွေးဆုံးဖြတ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် အထိမ်းအမှတ်အဖြစ် ပြုလုပ်သော ကုလသမဂ္ဂ သစ်တောညီလာခံက ချမှတ်ခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ရည်ရွယ်ချက် (၄)ရပ်အနက် သစ်တောများအား ထာဝစဉ်တည်တံ့စေသော စီမံအုပ်ချုပ်မှုစနစ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်ရန်ဟူသော ရည်ရွယ်ချက်တစ်ချက် ပါဝင်သည်။

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲ၍ ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက်ဖြည့်ဆည်းပေးရေးကို သစ်တောမူဝါဒတွင် ထည့်သွင်းရေးဆွဲထားခြင်း၊ သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲမှုနှင့် သစ်တောများ ရေရှည်တည်တံ့ရေးကို ဟန်ချက်ညီညီ ဆောင်ရွက်ထားခြင်း၊ သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုအတွက် သစ်တောစိုက်ခင်းတည်ထောင်ခြင်းကို အားပေးဆောင်ရွက် အကောင်အထည်ဖော်ခြင်း စသည့်ပုဂ္ဂလိကတို့ကို ဆောင်ရွက်နေသည့်အတွက် မိမိတို့၏ သစ်တောစီမံအုပ်ချုပ်မှုသည် ယနေ့ကမ္ဘာက အလေးထားဆောင်ရွက်နေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်နှင့် တန်းတူယှဉ်တွဲ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှုဧရိယာနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိရောက်သော စီမံအုပ်ချုပ်မှုရရှိနိုင်ရန်အတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုမှာ မဖြစ်မနေ လိုအပ်လျက်ရှိသည်။ သစ်တောပြုစုထိန်းသိမ်းရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်ထိန်းသိမ်းစောင့်ရှောက်မှသာ သဘာဝသစ်တောသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ တရားမဝင် သစ်ခုတ်လှဲထုတ်ယူမှုများကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ သစ်တောသယံဇာတများ ထာဝစဉ်တည်ရှိမှသာ သက်ရှိလောက တည်မြဲနိုင်မည်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်သူလူထု ပါဝင်ကူညီရန် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ဥပဒေပုဒ်မ ၃၉၀(ခ) ၌ နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ၌ နိုင်ငံတော်အား ကူညီရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ ပြည်သူများ ပူးပေါင်းပါဝင်မှသာ သစ်တောသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ အောင်မြင်မည်ဖြစ်သကဲ့သို့ ယနေ့တွေ့ကြုံခံစားနေရသော ကမ္ဘာကြီးပူနွေးလာပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းများမှ ကြိုတင်ကာကွယ်ထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သစ်တောများတည်ရှိခြင်း၏ အရေးကြီးသော အကျိုးကျေးဇူးမှာ သက်ရှိလောက အသက်ရှင်ရပ်တည်နိုင်ရေးနှင့် မရှိမဖြစ်လိုအပ်သော ရေချိုထိန်းသိမ်းမှုများ ဖြစ်ပါသည်။ ကမ္ဘာ့ရေချိုပမာဏ၏ သုံးပုံနှစ်ပုံမှာ သစ်တောများ ထိန်းသိမ်းခြင်းဖြင့်ရရှိရာ သစ်တောပြုန်းတီး၍ မြေဆီလွှာတိုက်စားခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း စသည်တို့ကြောင့် ရေအရည်အသွေးကျဆင်းလာသကဲ့သို့ မြေအောက်ရေ လျော့နည်းလာမှုနှင့် ကြုံတွေ့လာကြရပါသည်။

အခြားတစ်ဖက်တွင်လည်း မြေအသုံးချမှု စီမံအုပ်ချုပ်ရန် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များဖြင့် စနစ်တကျစီမံခန့်ခွဲအုပ်ချုပ်ရန် လိုအပ်သည်။ မြေအသုံးချမှုစနစ်များ ပြောင်းလဲလာခြင်းကြောင့် သတ္တလောက၏ အစာကွင်းဆက်များ ပျက်စီးလာမည်ဖြစ်သကဲ့သို့ အပေါ်ယံမြေဆီလွှာများ ပျက်စီးမှုသည်လည်း ဆယ်စုနှစ်ပေါင်းများစွာ အကျိုးသက်ရောက်နိုင်ပြီး သစ်တောသစ်ပင်များ ပြန်လည်ဖြစ်ထွန်းရန် လွန်စွာမှ ခဲယဉ်းလှသည်။ သစ်တောဂေဟစနစ်များသည် တစ်ကြိမ်ပျက်စီးသွားပါက ပြန်လည်ဖြစ်ထွန်းရန် နှစ်ပေါင်းများစွာ အချိန်ယူစောင့်ရမည်ဖြစ်ပြီး အကျိုးဆက်အားဖြင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်စေသည်သာမက လူသားတို့ အသက်ရှင်နေထိုင်ရေးအတွက်သည် ဂေဟစနစ် ဝန်ဆောင်မှုများ(Ecosystem services)ကိုပါ ထိခိုက်ပျက်စီးစေမည်ဖြစ်သည်။ ၄င်းဂေဟစနစ်ဝန်ဆောင်မှုများ ပျက်စီးခြင်းကြောင့် သားငါးထုတ်လုပ်မှု ကျဆင်းခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ထိခိုက်ခြင်း၊ မြေပေါ်မြေအောက် ရေများခန်းခြောက်ခြင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်ခြင်း အစရှိသည်တို့ကို ဖြစ်ပေါ်စေရာ ငွေကြေးသန်းပေါင်းများစွာ ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည်သာမက အသက်အိုးအိမ်စည်းစိမ် ပျက်စီးခြင်းကို ဖြစ်ပေါ်စေနိုင်သည်။

သဘာဝသစ်တောသယံဇာတများသည် နိုင်ငံ၏ ပစ္စုပ္ပန် ကြွယ်ဝချမ်းသာမှုကို ဆောင်ကြဉ်းပေးသကဲ့သို့ အနာဂတ်သားစဉ်မြေးဆက်အတွက်လည်း အမွေအနှစ်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံသားတိုင်း အသိစိတ်ဓာတ်ရှိရှိ တာဝန်သိသိဖြင့် သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။ သစ်တောများ ထာဝစဉ်တည်တံ့ ဖွံ့ဖြိုးမှသာလျှင် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် တည်တံ့ကောင်းမွန်ပြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ၏ ရေဆေးပန်းချီပြပွဲ

သတင်းနှင့်ဓာတ်ပုံ–သက်ထက်ကို (ဘော်ဂါမြေ)

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)က ပန်းပညာရှင်များ၏ဘဝ တိုးတက်မြင့်မားရေးနှင့် မြန်မာ့အနုပညာရပ်များ နိုင်ငံတကာနယ်ပယ်တွင် ထိုးဖောက် အောင်မြင်နိုင်ရေးအတွက် အစဉ်ကြိုးပမ်းလျက်ရှိရာ ယခုအခါ ရိုးရာပန်းအစည်းအရုံး (ဗဟို) ၏ ဦးဆောင်မှုဖြင့် နိုင်ငံတစ်ဝန်းလုံးမှ ပန်းချီပညာရှင်များ စုစည်းပြီး(၁၅)ကြိမ်မြောက် ရေဆေးပန်းချီ ပြပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး(အရှေ့ဘက်တန်း)ရှိ အစည်းအရုံး ပြခန်းကြီး၌ ပြသလျက်ရှိသည်။

"အခုလိုရေဆေးပန်းချီကားလေးတစ်ကား ပြန်ဆွဲမိရင် စိတ်ထဲမှာ အလွန်ကြည်နူးမိပါတယ်။"

ပန်းချီ လှတင်ထွန်း ဒုတိယဥက္ကဋ္ဌ။

ပြခန်းမကြီးအတွင်းသို့ စာရေးသူ ဝင်လိုက်သည်နှင့် ရေဆေးပန်းချီကားများကို တစုတဝေးတည်း တွေ့လိုက်ရသည်။ စာရေးသူ၏ ရင်ထဲ အေးချမ်းမှုကို ခံစားလိုက်ရသည်။

အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးသန့်စင်(ခ) ပန်းချီဆရာကြီး လှတင်ထွန်းက ရေဆေးပန်းချီနှင့် ပတ်သက်ပြီး **"ရေဆေးဆိုတာ ပန်းချီဆရာများရဲ့ ငယ်ချစ်ဦးဗျ။ ဒီနေ့ ဆီဆေးတွေ၊ အခရိုင်းလစ်ဆေးတွေနဲ့ ဘယ်လောက်ပဲ ရေးဆွဲရေးဆွဲအခုလိုရေဆေးပန်းချီကားလေး တစ်ကားလောက် ပြန်ရေးဆွဲဖြစ်ရင် စိတ်ထဲအလွန်ကြည်နူးမိတယ်ဗျာ"**ဟု ရှင်းလင်းပြောကြားခဲ့သည်။

ပန်းချီဆရာကြီး ဦးအောင်သိန်း၏ "ချောင်းသာတံငါရွာ"အမည်ရှိ ပန်းချီကား။

ရေဆေးပန်းချီရေးဆွဲမှုကို ကမ္ဘာပေါ်ရှိ ပန်းချီဆရာတိုင်း မကင်းနိုင်ခဲ့ပေ။

ပြခန်းတွင်မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပန်းချီဆရာများထဲမှ ပန်းချီဆရာ ၉၉ဦး၏ ပန်းချီကား ၉၉ ကား ချိတ်ဆွဲပြသထားသည်ကို တွေ့ရသည်။ သက်ကြီး ပန်းချီဆရာကြီးများဖြစ်ကြသော ဆရာကြီး ဦးလှတင်ထွန်း၊ ဦးစောလှိုင်၊ ဦးအောင်သိန်း၊ ဦးကြည်ဝင်း (ရန်ကင်း)၊ ဦးမောင်မောင်သိန်းတို့ ရေးဆွဲထားသော စံပြပန်းချီကားများကို အတုယူစရာ လက်ရာမြောက် ရေဆေးပန်းချီကားများအဖြစ် တွေ့ခဲ့ရသည်။

ရှင်းပြပေး

ဆရာကြီး ဦးစောလှိုင်က **"ဒီ သစ်တိုက်လှည်းလို့ အမည်ပေးထားတဲ့ ပန်းချီကားလေးက ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်က သစ်တောကြိုးဝိုင်းအတွင်း သစ်တိုက်နေပုံကို အပေါ်စီးက ရေးဆွဲထားတာပါ"** ဟု ရှင်းပြပေးသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးအောင်သိန်း၏ **"ချောင်းသာတံငါရွာ"** ဟု အမည်တပ်ထားသည့် ရေဆေးပန်းချီကားလေးကလည်း ကမ်းခြေနှင့် ငါးဖမ်းလှေကို အမိအရ ပုံဖော်ထားသည်။ ဆရာ ဦးသိန်းကျော်၏ **"မြန်မာ့အလှ"**ဟု အမည်ပေးထားသည့် ပန်းချီကားကလည်း မျက်စိထဲက မထွက်နိုင်အောင် စွဲမက်စရာကောင်းလှသည်။ ဆရာဦးသိန်းကျော်က **"ကျွန်တော်တို့ အစည်းအရုံးအဖွဲ့ဝင်တွေ ကချင်ပြည်နယ် မချမ်းဘော ရွာအနီးရောက်ခဲ့စဉ်က မှတ်တမ်းတင်ထားတာပါ"**ဟု ဆိုသည်။

"မြန်မာ့ပန်းချီ အဆင့်အတန်း ပိုမိုမြင့်မားရေးအတွက် အစည်းအရုံးက ဆောင်ရွက်နေပါတယ်"

ဦးကြည်ဝင်း (Today) အတွင်းရေးမှူး။

ယနေ့ လူငယ်ပန်းချီဆရာများဖြစ်ကြသည့် နီပိုဦး၊ ထွန်းဝင်း (မာလကာသီး)၊ ဝင်းမြင့်မိုး၊ စောတင့်ဝေ၊ မောင်ငွေအောင်၊ ရှမ်းလေး၊ မာလ၊ ပြည်ကျော်ဟန်၊ စိုးသောင်း၊ မြတ်ဟန် စသည့် ပန်းချီဆရာများ၏ လက်ရာများကလည်း သူ့နည်းသူ့ဟန်၊ သူ့အတွေး၊ သူ့ရေးချက်တို့ဖြင့် လှပနေသည်ကို လေ့လာ တွေ့ရှိခဲ့ရသည်။

အစည်းအရုံး အတွင်းရေးမှူး ဦးကြည်ဝင်း(Today)က **"ကျွန်တော်တို့ အစည်းအရုံးက ဦးဆောင်ပြီး နိုင်ငံတော်အဆင့်၊ ဝန်ကြီးဌာနအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပန်းဆယ်မျိုး ပြပွဲ၊ ပြိုင်ပွဲတွေ ပြုလုပ်ပေးနေပါတယ်။ ယနေ့ အိန္ဒိယ၊ စင်ကာပူ၊ တရုတ်၊ ဂျပန်၊ မလေးရှား၊ ကိုရီးယား၊ ထိုင်းနိုင်ငံတွေက အနုပညာရှင်တွေနဲ့ ပေါင်းစပ်ပြီး မြန်မာ့ပန်းချီလောက အဆင့်အတန်းမြင့်မားရေးကို ဆောင်ရွက်နေပါတယ်။ တစ်လောက ထွန်းဖောင်ဒေးရှင်းပန်းချီပြပွဲမှာ လာရောက်အကဲဖြတ်တဲ့ နိုင်ငံတကာဒိုင်တွေရဲ့ သုံးသပ်ချက်က ယနေ့ မြန်မာပန်းချီဆရာများရဲ့ ၄၀ရာခိုင်နှုန်းကျော် ကျော်ဟာ နိုင်ငံတကာ အဆင့်မီပါတယ်လို့ ညွှန်းဆိုသွားပါတယ်"**ဟု ပြောပြသည်ကို ဝမ်းသာဖွယ်ကြားသိခဲ့ရသည်။

ပန်းချီဆရာကြီး ဦးစောလှိုင်၏ "သစ်တိုက်လှည်း"အမည်ရှိ ရေဆေးပန်းချီကား။

ကြားသိခဲ့ရ

လာမည့်ဇွန်လတွင် သီရိလင်္ကာနိုင်ငံ၌ ပန်းချီကား ၅၀ သွားရောက်ပြသမည်ဖြစ်သည်။ ယနေ့အထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှ မြို့နယ်ပေါင်း ၈၄ မြို့နယ်တွင် အစည်းအရုံးများ အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်းကိုလည်း ကြားသိခဲ့ရသည်။



ပန်းချီဆရာ ဦးသိန်းကျော်၏ "မြန်မာ့အလှ"အမည်ရှိ ပန်းချီကား။

ကြည့်ရှုနိုင်

ရေဆေးပန်းချီပြပွဲကို မေ ၁၀ ရက်မှ ၁၅ ရက်အထိ ဗိုလ်ချုပ်အောင်ဆန်းဈေး(အရှေ့ဘက်တန်း)တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ပေသည်။

ယခုပြသနေသည့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)က ဦးစီးကျင်းပသော ရေဆေးပန်းချီပြပွဲကြီးတွင် ပန်းချီလောကသားတို့၏ လက်ရာပန်းချီကားများကို တစုတဝေးတည်း တွေ့မြင်ရမည်ဖြစ်ရာ အခါလည်းသင့် အခွင့်လည်းသာချိန် အဆိုပါ ရေဆေးပန်းချီပြပွဲကြီးသို့ ပန်းချီချစ်သူတိုင်း သွားရောက်လေ့လာသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ သံဃာဆေးကုသဆောင်သစ် ဟုမ္မလင်းမြို့၌ဖွင့်

နေပြည်တော် မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးသည် မေ ၁၀ရက် မွန်းလွဲ ၂နာရီခွဲက ခန္တီးခရိုင် ဟုမ္မလင်းမြို့ ခုတင်(၁၀၀)ဆံ့ ဆေးရုံ သံဃာဆေးကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သံဃာဆေးကုသဆောင်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး သံဃာဆေးကုသဆောင်သစ်၌ တက်ရောက်ဆေးကုသလျက်ရှိသော သံဃာတော်များအား အလှူငွေများ ပေးအပ်လှူဒါန်းကာ ဆေးရုံ၌တက်ရောက်ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားသည်။

စိုက်ပျိုးပြီးစီး

ယင်းနောက် ဟုမ္မလင်းမြို့ မြသရဖူ အဆင့်မြင့်ရော်ဘာခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဟုမ္မလင်းမြို့နယ်အတွင်း၌ ရော်ဘာ ၃၄၂၄ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဥရုမြစ်ကူးကြိုးတံတားတွင် မြစ်ကမ်းပါးကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း တည်ဆောက်ပြီးစီးမှု၊ နန်ပိုအောင်ကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိသော နမ့်တစ်လုံးဆည်နှင့် အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နန်ပိုအောင်ကျေးရွာတိုက်နယ်ဆေးရုံ၌ တက်ရောက်ဆေးကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့အဝင်ဆိုင်းဘုတ်ကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးတင်ထွန်းအောင်နှင့်အဖွဲ့ ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဝက်နားရွက်ပြာရောဂါအကြောင်း ပုသိမ်မြို့၌ ပညာပေးဟောပြော

ပုသိမ် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပုသိမ်မြို့ ဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၈ ရက် မွန်းလွဲ ၁ နာရီက ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြောပွဲကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူး ဒေါက်တာ တင်မောင်အေးက ဝက်နားရွက်ပြာ ရောဂါအကြောင်းကို လည်းကောင်း၊ ခရိုင်ဦးစီးမှူး ဒေါက်တာ စိုးသိမ်းက တိရစ္ဆာန်များ ရောဂါဖြစ်ပွားပါက သတင်းပို့စနစ် သတင်းကွန်ရက် တည်ဆောက်ခြင်းအကြောင်းကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဒေသဆိုင်ရာ ဓာတ်ခွဲခန်းတာဝန်ခံ ဒေါက်တာ အေးအေးမော်က ဝက်နားရွက်ပြာရောဂါ နမူနာပစ္စည်း ပေးပို့ပုံ နည်းစနစ်များအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။

ဆွေးနွေးမေးမြန်း

အခမ်းအနားတွင် ပုသိမ်မြို့နှင့် ကန်ကြီးထောင့်မြို့နယ်တို့မှ ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဝက်မွေးမြူသူများ၊ ဝက်သားထုတ်လုပ်သူလုပ်ငန်းရှင်များ၊ အခြေခံမွေး/ကု သင်တန်းဆင်းများက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရှိရသည်။**(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မီးဘေးရှောင် မလောင်ခင်တား

နိုင်ငံတကာအားကစား

ကိုပါအီတာလီယာဖလားဘောလုံးပြိုင်ပွဲ အင်တာမီလန်နှင့် ရိုးမားတို့ သရေပွဲဖြစ်

ရောမ မေ ၁၃

ကိုပါအီတာလီယာ ဖလားဘောလုံးပြိုင်ပွဲကို မေ ၁၂ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အင်တာမီလန်နှင့် ရိုးမားတို့တစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

သတိပေးခံရ

အင်တာမီလန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၅၈ မိနစ်၌ အီတူးကသွင်းယူပေးခဲ့သည်။ အင်တာမီလန်တို့ ဂိုးဆက်တိုက်သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း ၆၇ မိနစ်၌ ချီဗူးအဝါကတ်ပြသတိပေးခံရပြီး မိုင်ကွန်လည်း ၈၇ မိနစ်၌ အဝါကတ်ပြသတိပေးခံခဲ့ရသည်။

သွင်းယူပေး

ရိုးမားအတွက် ချေပဂိုးကို ပွဲချိန် ၈၄ မိနစ်၌ ဘောရီလိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

သရေပွဲဖြစ်

ရိုးမားတို့ အနိုင်ဂိုးများသွင်းယူရေးကြိုးစားခဲ့ရာ ၈၉မိနစ်တွင် ပါရော့တာနှင့် မိနစ် ၉၀ ၌ ဘူရာဒီဆိုတို့ အဝါကတ်ပြ သတိပေးခံရသည်က လွဲပြီး အနိုင်ဂိုးမသွင်းနိုင်ခဲ့၍ သရေပွဲဖြစ်ခဲ့ရသည်။

(အင်တာနက်)



အင်တာမီလန်ဘက်သို့ ဘူရာဒီဆို(ယာ) ဤသို့ ထိုးဖောက်ကစားခဲ့သည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဂျပန်က အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရော့တာဒမ် မေ ၁၃

၂၀၁၄ ခုနှစ် ကမ္ဘာ့စားပွဲတင်တင်းနစ် ချန်ပီယံပြိုင်ပွဲကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း နိုင်ငံတကာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်က မတ် ၁၃ ရက်၌ သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသည် ယခုအကြိမ်မှာ ကမ္ဘာ့စားပွဲတင်တင်းနစ်ချန်ပီယံပြိုင်ပွဲကို (၆)ကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ်အတွက် ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ယခု ၂၀၁၁ ခုနှစ် ကမ္ဘာ့စားပွဲတင်တင်းနစ် ချန်ပီယံပြိုင်ပွဲကို နယ်သာလန်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည်။

(အင်တာနက်)

လန်ဒန် မေ ၁၃

အက်ဖ်အေဖလားဗိုလ်လုပွဲကို (ယနေ့) မေ ၁၄ ရက် ညပိုင်းတွင် ဝင်ဘလေကွင်းကြီး၌ မန်စီးတီးအသင်းနှင့် စတုတ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် အကြိုဗိုလ်လုပွဲတွင် ပြိုင်ဘက်မန်ယူကို ခက်ခက်ခဲခဲကစားပြီး တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ကာ

အက်ဖ်အေဖလားဗိုလ်လုပွဲ ယနေ့အကြိတ်အနယ် ယှဉ်ပြိုင်ကစားမည်

ဗိုလ်လုပွဲသို့ တက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့အတူ စတုတ်အသင်းကလည်း ဘော်လ်တန်အသင်းကို ငါးဂိုးပြတ်သွင်းပြီး ဗိုလ်လုပွဲသို့ ရောက်ရှိခဲ့သည်။ စတုတ်အသင်းသည် မန်ယူထက် ခက်ခဲစွာကစားရလိမ့်မည်ဟု မန်စီးတီးနည်းပြ မန်စီနီ (ဝဲပုံ)က ယုံကြည်ထားသည်။ မန်စီနီ၏ လူများသည် အက်ဖ်အေဖလားကို ဆွတ်ခူးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ စတုတ်အသင်းသည်လွန်ခဲ့သောခြေစမ်းပွဲ ကစားရာတွင် တစ်ပွဲသာအနိုင်ရထားသည်။ စတုတ်အသင်းသည် တောင့်တင်းခိုင်မာသည့် အသင်းဖြစ်ကြောင်း၊ မန်ယူထက်လည်း ပိုပြီးမာကြောင်း၊ ဗိုလ်လုပွဲသည် အမှားမခံနိုင်သည့်ပွဲဖြစ်ကြောင်း၊ မိမိတို့ ကစားသမားများ ကောင်းကောင်းခြေစွမ်းပြကစားဖို့ လိုလိမ့်မည်ဖြစ်ကြောင်း မန်စီးတီးနည်းပြက ပြောကြားသည်။ (အင်တာနက်)

မောင်ချစ်ကြည် - စုစည်းသည်

အားကစားသတင်းအတိုအထွာ

☞ရီးရဲမက်ဒရစ်အသင်းက နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်အား ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းပေး၍ ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။

☞အာဆင်နယ် ဘယ်နောက်ခံလူ ကလစ်ချီအား လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်နေရာ လုပ်ခလစာ ညှိနှိုင်းမှုများ ပြုလုပ်နေကြောင်း လီဗာပူးအသင်းက သတင်းထုတ်ပြန်သည်။

☞ဘာစီလိုနာအသင်းသည် အာဆင်နယ်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ခေါ်ယူရန် ဆွေးနွေးနေပြီဖြစ်ကြောင်း၊ ဖာဘရီဂတ်စ်မိသားစုနှင့်လည်း နေထိုင်ရေးကိစ္စများ ညှိနှိုင်းလျက်ရှိကြောင်း ဘာစီလိုနာအသင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

☞အင်တာမီလန်အသင်းမှ အသက် ၂၅ နှစ်အရွယ်ရှိ ဒတ်ချ်ကွင်းလယ်ကစားသမား ရှနိုက်ဒါအား ခေါ်ယူသင့်ကြောင်း မန်ယူအသင်းကို မော်ရင်ဟိုက အကြံပြုလိုက်သည်။

☞ မန်ယူအသင်းမှ မက္ကဆီကို တိုက်စစ်မှူး ဟာနန်ဒက်ဇ်သည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားတစ်ဦးဖြစ်လာမည်ဟု ကမ္ဘာကျော် ဘောလုံးသမားကြီး မာရာဒိုနာက မေ ၁၂ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

☞အာဆင်နယ်အသင်းသည် လာမည့်နွေရာသီ၌ ရီးရဲမက်ဒရစ်အသင်းမှ တိုက်စစ်မှူး ဘင်ဇီမာကို ပြောင်းရွှေ့ကြေး ပေါင်သန်း၂၀ ပေး၍ ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။ (အင်တာနက်)

နိုင်ငံတကာဂီတ

အိုလံပစ်ရွှေတံဆိပ်ဆုရှင် လူဟွမ်း၏ ဂီတရေစီးကြောင်း

ဟောင်ကောင် မေ ၁၃

တရုတ်ကျွမ်းဘား အိုလံပစ်ရွှေတံဆိပ်ချန်ပီယံ လူဟွမ်းသည် အားကစားသမားဘဝမှ အနားယူပြီးနောက် ဂီတလောကတွင် လူသိများကျော်ကြားလာသည့် ဂီတကြယ်တစ်ပွင့် ဖြစ်လာသည်။ *(အောက်ပုံ)*

မြင့်မောင်စိုး ရေးသားသည်

အဆိုတော်လူဟွမ်းသည် သူမ၏ အောင်မြင်မှုများကိုကြည့်ပြီး ဘဝကို ကျေနပ်နေသူ မဟုတ်သည်မှာ သေချာသည်။ အဘယ်ကြောင့်ဆိုမူ သူမသည် ၂၀၀၀ ပြည့်နှစ်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာ ကျင်းပသည့် ကျွမ်းဘားအားကစားတွင် တရုတ်နိုင်ငံအတွက် ရွှေတံဆိပ်ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် ရုပ်ရှင်မင်းသမီး၊ ကျွမ်းဘားဒိုင်၊ သတင်းကြေညာသူ၊ အဆိုတော်စသည်ဖြင့် သူ့ဘဝကို အနုပညာဇာတ်ခုံပေါ်တွင် မြှုပ်နှံလိုက်ခြင်းကြောင့်ပင်ဖြစ်သည်။

အမေနေ့

အဆိုတော် လူဟွမ်းတစ်ယောက် မေ ၁၀ ရက်က ဟောင်ကောင်၌ အမေနေ့ အထိမ်းအမှတ်ကျင်းပသည့် စတိတ်စင်ပေါ်သို့ တက်ရောက်သီဆိုဖျော်ဖြေပေးခဲ့သည်။ အစိမ်းရောင်ကုတ်အင်္ကျီ၊ ဂျင်းဘောင်းဘီအပြာနှင့် အဖြူရောင် ဒေါက်မြင့်ဖိနပ်ကို စီးထားသော လူဟွမ်း၏အလှသည် ပရိသတ်များကို ညို့ယူဖမ်းစားနိုင်ခဲ့သည်။ ပရိသတ်များက သူမ၏ ပိုစတာများနှင့်အမည် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် အားပေးခဲ့ကြသည်။ အိုလံပစ် ရွှေတံဆိပ်ဆုရ အဆိုတော်၊ ရုပ်ရှင်မင်းသမီး ဖြစ်ခြင်းကြောင့် ပရိသတ်အားပေးမှု ပိုရခဲ့သည်။ ကျွမ်းဘား အားကစားမယ်ဘဝမှအနားယူခဲ့ပြီးနောက် သူမ၏ ဒုတိယဘဝကိုတော့ ယခုနှစ်မှ စဖြစ်ခဲ့သည်ဟုဆိုသည်။ ဆစ်ဒနီ အိုလံပစ်တွင် ရွှေတံဆိပ်ဆွတ်ခူးပြီး ဆယ်စုနှစ်အကြာ ဘဝသစ်ကို စတင်ခဲ့ခြင်းဖြစ်သည်။ အသက် ၃၀အရွယ်ရှိပြီဖြစ်သော လူဟွမ်းသည် တရုတ်ဘာသာဖြင့် တီးခတ်ဖျော်ဖြေရသော ဂီတတီးဝိုင်း အဆိုတော်အဖြစ်စတင်လုပ်ကိုင်သည်။

သူမသည် ၂၀၀၅ ခုနှစ်တွင် ပေကျင်းတက္ကသိုလ်မှ သတင်းစာပညာဘာသာရပ်ဖြင့် ဘွဲ့ရခဲ့သော်လည်း သူ့ဝါသနာပါသည်ကား ဂီတနှင့် အနုပညာဖြစ်သည်။ ထို့ကြောင့်လည်း သူမသည် ၂၀၀၉ ခုနှစ်တွင် ဟောင်ကောင်ထိပ်တန်း အသံလွှင့်ဌာနတစ်ခုဖြစ်သည့် TVB တွင် သီချင်းစဆိုဖြစ်ခဲ့သည်။ပြီးခဲ့သည့်ဖေဖော်ဝါရီလက ပထမဆုံးပေ့ါပ်တေးအယ်လ်ဘမ်ထွက်ခဲ့သည်။ မတ်လက TVB ရုပ်သံမှာ သူမပါဝင်သရုပ်ဆောင်ထားသည့် ကွန်ဖူးဒရာမာကား စတင်ပြသသည်။

တရုတ်အားကစားသမားများအနေဖြင့် အားကစားလောကမှ အနားယူပြီးနောက်ကိုယ်ဝါသနာပါရာ၊ကျွမ်းကျင်ရာနယ်ပယ်အသီးသီးတွင် အောင်မြင်မှုများ ဆက်လက်ရှာဖွေသင့်ကြောင်း၊ တရုတ်အားကစားသမား ချန်ပီယံများအနေဖြင့် အားကစားသမားဘဝမှ အနားယူပြီးနောက် အောင်မြင်မှုတစ်ခုခုကို လုပ်ပြဖို့လိုလိမ့်မည်ဖြစ်ကြောင်း သူမက ပြောကြားသည်။

အသံသွင်း

*ယခုအခါ အဆိုတော်လူဟွမ်းသည် **Beautiful Faces** အမည်ရှိ တေးအယ်လ်ဘမ်သစ်အတွက် အသံသွင်းနေပြီဖြစ်သည်။ သူမသည် အသက် ၁၃နှစ်အရွယ်တွင် ပေကျင်းရှိ အမျိုးသားလက်ရွေးစင် ကျွမ်းဘားအသင်းသို့ မရောက်မီ ချန်ရှာမြို့ အားကစားသိပ္ပံ၌ နေထိုင်ကြီးပြင်းလာခဲ့သည်။*

ပြောကြား

အဆိုတော် လူဟွမ်းသည် ဂီတနှင့် ရုပ်ရှင်နယ်ပယ်တွင် အိုလံပစ်ရွှေတံဆိပ်နှစ်ဆုရ တီယန်လျန်းကဲ့သို့ အောင်မြင်သော ရုပ်ရှင်နှင့်အဆိုတော်ဖြစ်လာရန်ကြိုးစားနေကြောင်း သူမက ပြောကြားသည်။ ***ကိုးကား-အင်တာနက်***

ပင့်(ခ်)ဖလွိုက်၏ ရော့ခ်သီချင်းသစ်များ မကြာမီထုတ်ဝေဖြန့်ချိမည်

လန်ဒန် မေ ၁၃

နာမည်ကျော် အဆိုတော် ပင့်(ခ်) ဖလွိုက်၏ နားမထောင်ရသေးသည့် သီချင်းအသစ်စက်စက်များကို အီးအမ်အိုင် တေးသံသွင်းကုမ္ပဏီက သီချင်းခွေအသစ် ထုတ်ဝေဖြန့်ချိတော့မည်ဖြစ်ကြောင်း မေ ၁၂ ရက်တွင် ကြေညာလိုက်သည်။

အီးအမ်အိုင်ကုမ္ပဏီသည် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ အခြေစိုက်သည်။ ၎င်းနိုင်ငံ၏စတုတ္ထမြောက်အကြီးဆုံး ဂီတကုမ္ပဏီကြီးဖြစ်သည်။ ပင့်(ခ်) ဖလွိုက် တေးဂီတတီးဝိုင်းမှာမူ ကမ္ဘာတစ်ဝန်း အောင်မြင်ကျော်ကြားနေသော အင်္ဂလိပ်ရော့ခ်တီးဝိုင်းဖြစ်သည်။ ယင်းတီးဝိုင်းကို ၁၉၆၅ ခုနှစ်တွင်ရော်ဂျာဝေါတား (အောက်ပုံ)၊ နစ်မာဆင်၊ ရစ်ချက်ရိုက်ခ်နှင့် ဆက်ဘားရက်အမည်ရှိ တက္ကသိုလ်ကျောင်းသားများက ထူထောင်ခဲ့ခြင်းဖြစ်သည်။

မိမိတို့အနေဖြင့် ယင်းတေးထုတ်လုပ်ရေးအစီအစဉ်ကို တစ်နှစ်ကျော်ကြာ အချိန်ယူ ပြင်ဆင်ခဲ့ရကြောင်း၊ ခေတ်သစ်သီချင်းများတီးခတ်မှုမှာ အကောင်းဆုံး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း အီးအမ်အိုင် အမှုဆောင်အရာရှိ ရော်ဂျာဖာဗွန်က ပြောကြားသည်။



ယခုအခါ ပင့်(ခ်)ဖလွိုက်တေးဂီတတီးဝိုင်းမှထွက်ရှိသည့် တေးအယ်လ်ဘမ် ကော်ပီပေါင်း သန်း ၂၀၀ ကျော်ကို အီးအမ်အိုင်က ကမ္ဘာတစ်ဝန်း ရောင်းချခဲ့ပြီးဖြစ်သည်။ အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းတွင် တေးအယ်လ်ဘမ် ကော်ပီပေါင်း ၄၅ သန်း ရောင်းချခဲ့ရသည်ဟု ဆိုသည်။ *(အင်တာနက်)*

ကမ္ဘာပေါ်၌ ယာဉ်တိုက်မှုကြောင့် နေ့စဉ် လူ ၃၀၀၀ ခန့် သေဆုံးနေ
ယာဉ်အန္တရာယ်ကင်းရှင်းရေး ပြည်သူများဝိုင်းဝန်းကာကွယ်

နေပြည်တော် မေ ၁၃

ယာဉ်၊လမ်းအန္တရာယ်ကင်းရှင်းရေး ဆယ်စုနှစ် ၂၀၁၁-၂၀၂၀ စတင်ခြင်းအထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကြေညာ

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာ၌ (**အပေါ်ဓါတ်ပုံ**) ၁၉၆၂ခုနှစ်ခန့်မှစ၍ ယာဉ်တိုက်မှုဖြစ်စဉ်နှင့် အကျိုးဆက်များကို ဖော်ထုတ်၍ ၁၉၇၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးညီလာခံ၌ ဆုံးဖြတ်ချက်(WHA 27.59)ဖြင့် ယာဉ်တိုက်မှုအန္တရာယ်ကို ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ကြေညာခဲ့ပြီး ဝိုင်းဝန်းပူးပေါင်းကာကွယ်တားဆီးရေးအတွက် တိုက်တွန်းခဲ့ကြောင်း။

သေဆုံး

တစ်ကမ္ဘာလုံး၌ ယာဉ်တိုက်မှုကြောင့် နှစ်စဉ်လူ ၁ဒသမ ၃သန်းခန့် သေဆုံးနေရပြီး သန်း ၅၀ ခန့်မှာ ထာဝရမသန်မစွမ်းမှုနှင့် ကြုံတွေ့နေရသည်ကို အများအသိပင်ဖြစ်ကြောင်း၊ ဤပမာဏသည် နေ့စဉ် လမ်းများပေါ်၌ ယာဉ်တိုက်မှုကြောင့် လူ ၃၀၀၀ခန့် သေဆုံးနေရသည်ကို တွက်ချက်ကြည့်လျှင်ရကြောင်း။

ပြောကြား

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကလည်း ဆယ်စုနှစ်လှုပ်ရှားမှုကြီးကို အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းကာ ၂၀၁၁ခုနှစ် မေ ၁၁ရက်ကို ယာဉ်၊လမ်းအန္တရာယ်ကင်းရှင်းရေး ဆယ်စုနှစ် စတင်ခြင်းအထိမ်းအမှတ်နေ့အဖြစ် ကြေညာခဲ့ကြောင်းဖြင့် ပြောကြားသည်။

ဖတ်ကြား

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.S.B Tennakoom က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး မုံရွာ၌ ကွင်းဆင်းစစ်ဆေး

မုံရွာ မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် မြေကြီး၊မြေပုံ၊မြေစာရင်းနှင့် သီးနှံစိုက်ဧကမှန်ကန်ရေးလုပ်ငန်းကို စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိရာ ခြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ မုံရွာခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်ငြိမ်းနှင့် မုံရွာမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးချစ်ထွန်းအောင်တို့သည် မေ ၆ ရက်က မုံရွာမြို့နယ် ခေတ္တကန် ကျေးရွာအုပ်စု ကွင်းအမှတ်(၇၁၁)နှင့် မုံရွေးကျေးရွာအုပ်စု ကွင်းအမှတ်(၇၃၃)တို့တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ပြီးစီးမည်

မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၅၇ အုပ်စု၊ ကွင်းပေါင်း ၂၈၂ကွင်းတွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကများ မှန်ကန်ရေးလုပ်ငန်းများကို ဧပြီ ၆ ရက်မှစတင်ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရှိရသည်။ **(၀၄၀)**

မိုးလေဝသနှင့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ သနပ်ပင်၌ကျင်းပ

သနပ်ပင် မေ ၁၃

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များအသင်း (သနပ်ပင်မြို့နယ်)နှင့် မြို့မိမြို့ဖများပူးပေါင်း၍ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့မှ စီစဉ်ဆောင်ရွက်သည့် မိုးလေဝသအခြေအနေနှင့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီခွဲက သနပ်ပင်မြို့ အားကစားခန်းမ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးအေးကိုကိုက စပါးသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် နည်းပညာများကို ဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်ဝင်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးပညာရှင် ဦးဘဟိန်းက သီးနှံအထွက်နှုန်းတိုးရေးနှင့် မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က မိုးရွာသွန်းမှု၊ မုန်တိုင်းနှင့်မိုးလေဝသဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ ရုံးသစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၃

မွန်ပြည်နယ် မုဒုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ရုံး ရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်က မုဒုံမြို့ မြို့မ (၁)ရပ်ကွက်ရှိ အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပရာ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်းက အမှာစကား ပြောကြားပြီး (**အောက်ဓါတ်ပုံ**) ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌ ဦးချန်ထွန်း၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌတို့က ရုံးသစ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြသည်။

ပေးအပ်

ဆက်လက်၍ ရုံးသစ်တည်ဆောက်ရန်အတွက် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့များက အလှူငွေများ လှူဒါန်းကြရာ ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ အဆိုပါ ရုံးအဆောက်အအုံသစ်ကို ငွေကျပ် ၇၅ သိန်း အကုန်အကျခံ၍ RC တစ်ထပ်တိုက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

အမှိုက်များ၊ ရေဆိုးများ စနစ်တကျစွန့်ပစ်စေချင်

စာတည်းခင်ဗျား -

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် ၁၆၆ လမ်းနှင့် ကျိုက္ကဆံလမ်းရှိ နောက်ဖေးလမ်းကြားများတွင် ရေဆိုးများ၊ အမှိုက်များကိုစည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ နောက်ဖေးလမ်းကြားတွင် ကျူးကျော်အလုပ်ရုံ၊ အိမ်များဆောက်လုပ်ခြင်းများကြောင့် ရေမြောင်းများပိတ်ဆို့ပြီး ရေပုပ်နံ့များထွက်ကာ ကျန်းမာရေး ထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား -

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ ၈ လမ်းရှိအားကစားရုံ ပတ်လည်နံဘေးတွင် ဆောက်လုပ်ထားသော ဆိုင်ခန်းများသည် စည်ပင်လမ်းမပေါ် ကျူးကျော်ခင်းကျင်း ရောင်းချလျက်ရှိရာ အဆိုပါဆိုင်ခန်းများကြောင့် ယာဉ်ကြောများပိတ်ဆို့ကာ ယာဉ်တိုက်မှု မကြာခဏဖြစ်ပွားသောကြောင့် ၎င်းကျူးကျော်ဆိုင်များကို ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ကိုယ်တွေ့တစ်ဦး

ဝက်ခြံမှအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင် -

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေဟသာအနောက်ပေါက် ကျွန်းတောဥလမ်းရှိ နေအိမ်တစ်အိမ်၌ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ဝက်ခြံမှထွက်သော အညစ်အကြေး အနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်း နေထိုင်သူ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ကျန်းမာရေး ထိခိုက်ရပါသဖြင့် လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ညော်နံ့များ ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင် -

တောင်ဒဂုံ (၂၁)ရပ်ကွက် ချောင်းသာ ၁ လမ်းနှင့်ရန်အောင်လမ်းများ၌ သံရည်ကျို သံချောင်းလုပ်ငန်း၊ စတီးလ်လုပ်ငန်း၊ ဖယောင်းလုပ်ငန်းနှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်းများကြောင့် ရပ်ကွက်အတွင်းနေပြည်သူများ ညော်နံ့များကို နေ့စဉ်နှင့်အမျှ ရှူရှိုက်နေရလျက်ရှိရာ ကျန်းမာရေး ထိခိုက်ရပါသဖြင့် အဆိုပါလုပ်ငန်းများကို စက်မှုဇုန်သို့ ပြောင်းရွှေ့ပေးနိုင်ရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးထိခိုက်နေသူ

မြန်အောင်ဆိပ်ကမ်းလမ်း ရှင်းလင်းဖယ်ရှားပြီး

၇-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာတည်းထံ ပေးစာများကဏ္ဍတွင် **မြန်အောင်ဆိပ်ကမ်းလမ်း သွားလာရေးခက်ခဲနေ ပေးစာ**နှင့်ပတ်သက်၍ မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၉-၅-၂၀၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေး ဖယ်ရှားပြီး ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

ဆီပီပါများ ထုရိုက်နေမှုရှင်းလင်းဖယ်ရှားပြီး

၇-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် **ဟင်္သာတမြို့ တာကလေးရပ်ကွက် အောင်သပြေလမ်းရှိ နေအိမ်တစ်အိမ်မှ ဆီတိုင်ကီပီပါများထုရိုက်၍ နားမခံနိုင်ပေးစာ**နှင့် ပတ်သက်၍ ၉-၅-၂၀၁၁ရက်တွင် ရှင်းလင်းပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာ ကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်း သွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ကြပ်မတ်ဆောင်ရွက်

အိမ်မဲမြို့နယ် ရွှေလင်းယုန်လမ်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မေ ၆ ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဥပဒေနှင့်အညီဆုံးဖြတ်၊ မှန်မှန်နှင့်မြန်မြန်စီရင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရန် အမြဲကျင့်ကြံ

နေပြည်တော် မေ ၁၃

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားသူကြီးများ၊ တရားရေးဝန်ထမ်းများအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် အမြဲလုပ်ဆောင်နေရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တရားစီရင်ရေးမူများအတိုင်း စာမျက်နှာ ၉ ကော်လံ ၁ ●

တောင်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေ ဆက်လက်ဖြစ်ပေါ်

နေပြည်တော် မေ ၁၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၁၄ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စာမျက်နှာ ၉ ကော်လံ ၁ ✻

ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာတွင် အောင်မြင်ဖြစ်ထွန်းနေသော ငရုတ်စိုက်ခင်းကို ဤသို့ တစ်မျှော်တစ်ခေါ် တွေ့ရသည်။

ငရုတ်စိုက်ပျိုး တောင်သူတွေဝင်ငွေတိုး

သတင်းခရီးသည် - ကျော်သူဝင်း(မြန်မာ့အလင်း) ➢ ဓာတ်ပုံမှတ်တမ်း - သီဟ(မြန်မာ့အလင်း)

နေပြည်တော် မေ ၁၃

မြန်မာတို့၏ ထမင်းဝိုင်းတွင် နှုတ်မြိန်စရာ အသီးအနှံတစ်မျိုးအဖြစ် နေရာယူထားသည်မှာ ငရုတ်သီးဖြစ်သည်။ ငရုတ်သီးကို ငါးပိရည်ကျိုဖြင့်တွဲဖက်၍ တစ်မျိုး၊ လက်ဖက်သုပ်၊ ချင်းသုပ်ဖြင့်တစ်သွယ် ကြိုက်နှစ်သက်သူအချို့က နည်းမျိုးစုံဖြင့် စားသုံးလေ့ရှိကြသည်။
စာမျက်နှာ ၇ ကော်လံ ၃ ❖